# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 6 August 2024 ၁၁၅၄၁


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခေတ်အဆက်ဆက်အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ကျွန်တော်တို့ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်းပေးကြဖို့လိုအပ်

## နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောကြားချက်

**ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူများ ခင်ဗျာ–**

ယခုကာလများအတွင်း နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေများကို ဆက်စပ်တင်ပြလိုပါတယ်။ အချို့အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးမှာ ကျွန်တော်တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှု ၁၁ သန်းကျော် ပြုလုပ်ခဲ့မှုတွေကြောင့် နိုင်ငံတော်မှာ မတည်မငြိမ်မှုတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ ယာယီသမ္မတကနေ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တပ်မတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ရဲ့တာဝန်ကို ထိန်းသိမ်းစေခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်ဘက်၊ အရပ်ဘက် ပူးပေါင်းပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အဓိကရည်မှန်းချက် ဖြစ်တယ်လို့ တိုင်းသိပြည်သိ ကြေညာခဲ့ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားစဉ်။

**ကျွန်တော်တို့ ပြည်သူတွေ သတိပြုရမှာက ဒီနေ့ ကမ္ဘာ့ရေးရာ အခြေအနေတွေဟာ အင်မတန်မှုနက်နဲ ရှုပ်ထွေး လာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့သာ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်။**

---

**ယနေ့ ဖတ်စရာ**

**ဝိသမလောဘသားတို့၏ ညွတ်ကွင်းမှ လွတ်ကင်းနိုင်ပါစေ**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံး မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခု ခွင့်ပြု**

စာမျက်နှာ » ၇

**MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းအသင်းအဖွဲ့များက သဘောထားများထုတ်ပြန်**

စာမျက်နှာ » ၈

ကြေးမုံ

# ဆက်သွယ်သွားလာမှုအဆင်ပြေရေး စက်သုံးဆီလုံလောက်စွာစီစဉ်ထား

နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဆီပြတ်လပ်မှုဖြစ်ခဲ့ရသည်။ စက်သုံးဆီရောင်းအားနှင့် ဝယ်လိုအားမမျှသဖြင့် စက်သုံးဆီဝယ်ယူမှု များပြားနေသည်ကိုအကြောင်းပြု၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မြန်မာနိုင်ငံ၌ စက်သုံးဆီပြတ်လပ်တော့မည်ဖြစ်ကြောင်း မဟုတ်မမှန် ကောလာဟလသတင်းများ ပေါ်ထွက်လာခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လလယ်ခန့်မှစ၍ မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဒေသအချို့ရှိ လမ်းပိုင်းများပေါ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊ စက်သုံးဆီသယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေအရ အချို့ဒေသများသို့ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြာခြင်းတို့ကြောင့် စက်သုံးဆီအရောင်းဆိုင်အချို့တွင် ဆီအမျိုးအစားအချို့ ယာယီပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ အခိုက်အတန့် ဆီပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည်ကို အကြောင်းပြု၍ အချို့စက်သုံးဆီအရောင်းဆိုင်များတွင် ဆီတန်းစီနေသောယာဉ်များ ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ စက်သုံးဆီအချို့ ယာယီပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် စနစ်တကျထိန်းသိမ်းရောင်းချစေလျက်ရှိသည့်အပြင် လိုအပ်ပါက အရေးပေါ်အစီအစဉ်ဖြင့် ဖြည့်တင်းပေးခြင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်သိမ်းထားသော အရောင်းဆိုင်များသို့ ပေးပို့နေသည့် စက်သုံးဆီများကို လိုအပ်သည့်အရောင်းဆိုင်များသို့ ရွှေ့ပြောင်းရောင်းချစေခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်း၌ စက်သုံးဆီဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ကုန်အထိ စက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင်သိုလှောင် ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်ပမှ စက်သုံးဆီတင်သင်္ဘောကြီးများလည်း စဉ်ဆက်မပြတ် ဝင်ရောက်နိုင်ရန် စီမံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိပြီး အချို့ဒေသများ၌ ရေကြီးရေလျှံဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရေကြီးရေလျှံဖြစ်သည့်နေရာများ၌ အခိုက်အတန့်ဖြစ်စေ၊ ရက်ရှည်ကြာဖြစ်စေ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့သဖြင့် စက်သုံးဆီတင်ဘောက်ဆာများအပါအဝင် ပို့ဆောင်သွားလာသည့်ယာဉ်များအားလုံး နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ရသည်။ သို့သော် စက်သုံးဆီပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆိုင် ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင် ၁၉၆ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင်ဆိုင် ၆၇၂ ဆိုင်အပါအဝင် နိုင်ငံတစ်ဝန်းရှိဆိုင် ၃၀၀၀ ကျော်တွင် နေ့စဉ်ပုံမှန် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ စက်သုံးဆီများ နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လိုအပ်ပါက အရေးပေါ်အစီအစဉ်၊ အထူးအစီအစဉ်တို့ဖြင့်လည်း ထပ်မံ၍ တစ်ရက်လျှင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်း ဂါလန် သုံးသန်းခန့်ကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စက်သုံးဆီဝယ်ယူသည့်ယာဉ်များ စုပြုံတန်းစီနေမှုမှာ နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၀၀ အနက် ငါးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၄၆ ဆိုင်အနက် ၂၄ ဆိုင်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၃ ဆိုင်အနက် ၁၉ ဆိုင်နှင့် အခြားမြို့များရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီဝယ်ယူမှုရှိခဲ့ပြီး ကျန်စက်သုံးဆီရှိသည့် အရောင်းဆိုင်များတွင် ဝယ်ယူသူနည်းသည်ဟု သိရသည်။

ထိုကဲ့သို့ စက်သုံးဆီပြတ်လပ်၍ တန်းစီဝယ်ယူမှုဖြစ်စဉ်ကို ယမန်နှစ်ကလည်း ကြုံတွေ့ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး အခိုက်အတန့်ပြတ်တောက်မှုကြောင့် စက်သုံးဆီ အခိုက်အတန့် ပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည့်အပေါ်တွင် အများပြည်သူတို့အနေဖြင့် စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းစကားများကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ကာ လိုသည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ အချို့က ဈေးနှုန်းမြှင့်တင်ပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ မပြုလုပ်မိရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ စက်သုံးဆီကို သုံးစွဲရန်လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲကြရန်၊ အကယ်၍ ဆိုင်တစ်ဆိုင်တွင် ယာဉ်စီးရေများနေပါက အခြားဆိုင်များသို့ သွားရောက်ဝယ်ယူရန်၊ မလိုအပ်ဘဲ အချိန်ကြာမြင့်စွာတန်းစီဝယ်ယူခြင်းကြောင့် လမ်းသွားလမ်းလာပြည်သူများနှင့် သွားလာနေသော ယာဉ်များပိတ်ဆို့မှုမဖြစ်စေရန်၊ အရောင်းဆိုင်များအနေဖြင့်လည်း စက်သုံးဆီရှိလျက်ဖြင့် မရောင်းချခြင်းမပြုလုပ်ရန်တို့လိုအပ်ပြီး လက်ရှိအခြေအနေတွင် သွားလာဆက်သွယ်မှု လွယ်ကူစေရေးအတွက် စက်သုံးဆီကို လုံလောက်အောင် စီမံဆောင်ရွက်ထားပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ၊ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးသိန်းဌေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ် ဓမ္မာစရိယ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **လူ့ဘောင်သစ်ပါတီ (NSP) နှင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)** တို့၏ လျှောက်ထားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၁၆/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁,၈၁၆ | ၁၆,၁၂၆,၃၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၈,၆၈၃ | ၃၀,၄၈၅,၇၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၅,၈၇၁ | ၁၀,၅၆၄,၇၅၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၅၀ | ၁,၅၁၂,၅၀၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၉၂၀ | ၁,၆၁၂,၅၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃၃၉ | ၁,၅၅၉,၄၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၁,၃၆၂ | ၄,၇၁၄,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဒီလိုနိုင်ငံရေး အပြောင်းအလဲဖြစ်ပြီးချိန်မှာ သာမန်ဆန္ဒပြရာကနေ တဖြည်းဖြည်းမင်းမဲ့စရိုက်ဆန်တဲ့ ဆူပူလှုပ်ရှားမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ NLD အစွန်းရောက်ပါတီဝင်အချို့ရဲ့ ဦးဆောင်မှုနဲ့ လက်နက်ကိုင်ဆူပူအကြမ်းဖက်လုပ်ရပ်တွေကို စတင်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါတင်မကဘဲ အချို့လူငယ်တွေကို ဝါဒမှိုင်းရိုက်သွင်းပြီးတော့မှ ငြိမ်းချမ်းရေးကို မလိုလားတဲ့၊ နိုင်ငံတော်အပေါ် သဘောထားမမှန်တဲ့ လက်နက်ကိုင်အဖွဲ့အချို့ထံမှာ အကြမ်းဖက်စစ်သင်တန်းများ သွားရောက်သင်ကြားစေခဲ့ပါတယ်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲက NCA ကို လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့များရော NCA ကို လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ထဲက အချို့သော EAO တို့ကပါ PDF အကြမ်းဖက်အဖွဲ့တွေကို အားပေးအားမြှောက်ပြုပြီး သင်တန်းများပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ PDF အကြမ်းဖက်သမားတွေ EAO အဖွဲ့အချို့ထံမှာ အကြမ်းဖက်သင်တန်းများတက်ပြီးတဲ့နောက်မှာ နိုင်ငံတစ်ဝန်းလူသတ်၊ ဗုံးထောင်၊ ဗုံးခွဲ၊ အကြောင်းမဲ့ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့ပြီး ပြည်သူလူထုကို ခြောက်လှန့်နေတာ ဒီနေ့အချိန်အထိပဲဖြစ်ပါတယ်။ ဒီလို နိုင်ငံတစ်ဝန်း မတည်မငြိမ်မှုတွေ လုပ်ဆောင်တဲ့အချိန်မှာပဲ အချို့သောလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဒီအပေါ်မှာ အခွင့်အရေးအဖြစ် ဖန်တီးပြီး နယ်မြေချဲ့ထွင်သိမ်းပိုက်ဖို့ ကြိုးပမ်းလာခဲ့ကြပါတယ်။

MNDAA၊ TNLA၊ AA သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၂ ခုနှစ် ဧပြီလက ဖိတ်ခေါ်ခဲ့တဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်တွေကို ငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းများနဲ့ ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှာ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်နိုင်ဖို့အတွက် ၂၀၂၂ ခုနှစ်လောက်ကတည်းက လူအင်အား၊ လက်နက်အင်အားစုဆောင်းတာတွေ၊ Drone များကိုအသုံးပြုပြီး တိုက်ခိုက်ဖို့ လေ့ကျင့်တာတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ တည်ငြိမ်အေးချမ်းနေတဲ့ နယ်မြေဒေသတစ်ခုလုံးကို စစ်ပွဲဒဏ်သင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့လမ်းတံတားတွေကစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြပါတယ်။ အစိုးရအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေးနဲ့ ဒေသတွင်း ပြန်လည်တည်ငြိမ်အေးချမ်းရေးကို ရှေးရှုပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီလမှာ သဘောတူညီခဲ့ပါတယ်။ ဒါပေမယ့် MNDAA၊ TNLA အဖွဲ့တို့အနေနဲ့ အကြောင်းပြချက်မျိုးစုံပြပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ သီပေါ၊ နောင်ချိုကျောက်မဲ၊ မိုးမိတ်နဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိုးကုတ်မြို့တို့ကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ပြည်သူလူထုနေထိုင်တဲ့ မြို့ရွာတွေထဲမှာရှိတဲ့ လူနေအိမ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေကို ပစ်မှတ်ထားပြီး အဓိကအားဖြင့် အဆင့်မြှင့်တင်ထားတဲ့ ရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်တာတွေ၊ Drop Bomb များနဲ့ တိုက်ခိုက်တာတွေကို အကြိမ်ပေါင်းများစွာ လုပ်ဆောင်ခဲ့တာ အားလုံးတွေ့မြင်ပြီးဖြစ်ပါတယ်။ ဩဂုတ်လ ၂ ရက်မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ ကလေးသူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော်သားတွေသာမက တပ်မတော်သားမိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသားပြည်သူများ တက်ရောက်ကုသနေတဲ့ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲဖြစ်ပါတယ်။ သူတို့အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ဒေသတွေကိုကြည့်ရင် သူတို့လူမျိုးနေထိုင်တဲ့ရာခိုင်နှုန်းအနည်းငယ်သာရှိနေတာကိုလည်း တွေ့နိုင်ပါတယ်။ ဥပမာ လားရှိုးမြို့နယ်အတွင်းမှာ ကိုးကန့်လူမျိုးများနေထိုင်တာ ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ရှိပေမယ့် အများစုဟာ လားရှိုးမြို့ပေါ်မှာမဟုတ်ဘဲ ကျေးရွာများမှာသာ နေထိုင်ကြပါတယ်။ မြို့ပေါ်မှာ ရှမ်း၊ ဗမာနဲ့ ကချင်တို့သာ အများဆုံးနေထိုင်ကြပါတယ်။ ထို့အတူပဲ ကျောက်မဲ၊ သီပေါမြို့နယ်ဘက်မှာ ပလောင်လူမျိုးများနေထိုင်မှုက ၁၅ ရာခိုင်နှုန်း ပတ်ဝန်းကျင်သာရှိပါတယ်။ နောင်ချိုမြို့နယ်မှာဆိုရင်လည်း ပလောင်လူမျိုးနေထိုင်မှုဟာ တစ်ရာခိုင်နှုန်းတောင် မပြည့်ပါဘူး။ ရှမ်း၊ ဗမာ၊ ဓနုလူမျိုးတွေသာ အများဆုံးနေထိုင်ကြတာဖြစ်ပါတယ်။ ဒီလို အကြောင်းမဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ အိုးအိမ်တွေကိုစွန့်ခွာပြီး တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများမှာ သွားရောက်ခိုလှုံနေကြတာကို ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ စစ်ဘေးရှောင် ပြည်သူတွေဆီက အဖိုးတန် ရွှေ၊ ငွေ၊ ပစ္စည်းတွေ လုယက်တာတွေ၊ ပြည်သူလူထု စွန့်ခွာထွက်ပြေးခဲ့ရတဲ့ အိုးအိမ်နဲ့ ပိုင်ဆိုင်မှုတွေကနေ အဖိုးတန်ပစ္စည်းတွေ ဖောက်ထွင်းခိုးဝှက်ရယူတာတွေ၊ စစ်ဘေး

**★ ဩဂုတ်လ ၂ ရက်မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ကလေး သူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာ တွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော် သားတွေသာမက တပ်မတော်သားမိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသားပြည်သူများ တက်ရောက်ကုသနေတဲ့ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲ ဖြစ်ပါတယ်။**

ရှောင်တွေနဲ့ ဒေသခံပြည်သူတွေကို ခြိမ်းခြောက်ပြီး ကလေးငယ်တွေကို စစ်မှုထမ်းဆောင်စေပြီး အတင်းအဓမ္မတိုက်ပွဲဝင်စေတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ထိန်းချုပ်ထားတဲ့နယ်မြေတွေမှာ အစိုးရအခြေခံအဆောက်အအုံတွေ၊ လူမျိုးရေးနှင့် ဘာသာရေးအထိမ်းအမှတ်အဆောက်အအုံတွေအား စက်ယန္တရားတွေကိုသုံးပြုပြီး မြေလှန်ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးရရှိသွားပြီး တရားဥပဒေစိုးမိုးမှုအပြည့်ရှိရင် ဒေသခံပြည်သူတွေကို လက်နက်ပြခြိမ်းခြောက်ပြီး လိုသလိုချုပ်ချယ်မရနိုင်တော့မှာ၊ ကိုယ်ကျိုးစီးပွားရှာလို့မရနိုင်တော့မှာကို သိတဲ့အတွက် အခုလိုမိုက်တွင်းနက်တဲ့

**★ MNDAA၊ TNLA၊ AA သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၂ ခုနှစ် ဧပြီလက ဖိတ်ခေါ်ခဲ့တဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်တွေကို ငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းများနဲ့ ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှာ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်နိုင်ဖို့အတွက် ၂၀၂၂ ခုနှစ်လောက်ကတည်းက လူအင်အား၊ လက်နက်အင်အား စုဆောင်းတာတွေ၊ Drone များကို အသုံးပြုပြီးတိုက်ခိုက်ဖို့ လေ့ကျင့်တာတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ တည်ငြိမ်အေးချမ်းနေတဲ့ နယ်မြေဒေသတစ်ခုလုံးကို စစ်ပွဲဒဏ်သင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေ အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့လမ်းတံတားတွေကစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြပါတယ်။**

လုပ်ရပ်မျိုးကို လုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ MNDAA သောင်းကျန်းသူအဖွဲ့အနေနဲ့ လက်ရှိအချိန်မှာ လောက်ကိုင်မြို့မှာရှိတဲ့ ဗမာလူမျိုးများကို ဖမ်းဆီးပြီး မြို့ကနှင်ထုတ်နေတဲ့သတင်းတွေလည်း တွေ့ရှိနေရပါတယ်။ ဒါပေမယ့် သောင်းကျန်းသူအဖွဲ့တွေရဲ့ ထုတ်ပြန်ချက်တွေမှာ မြန်မာ့တပ်မတော်ကပဲ တိုက်ခိုက်ဖျက်ဆီးနေတယ်၊ လူမျိုးရေးခွဲခြားနေတယ်ဆိုပြီး စွပ်စွဲထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ လောက်ကိုင်မြို့ဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့ဖြစ်ပါတယ်။ နိုင်ငံခြားသားများ ဝင်ထွက်မှုပြုလုပ်ခြင်းကို အစိုးရရဲ့ တရားဝင်လုပ်ထုံးလုပ်နည်း၊ ခွင့်ပြုချက်များနဲ့အညီသာ ဆောင်ရွက်ရမယ့်ဒေသဖြစ်ပါတယ်။ ယခင်က တရားမဝင် ဝင်ရောက်နေထိုင်ခဲ့ကြတဲ့သူများနဲ့ ပတ်သက်ဆက်နွှယ်နေသူများပူးပေါင်းပြီးတော့ ကျားဖြန့်ခေါ်အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများနဲ့ တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီလို တရားမဝင် ဝင်ရောက်နေထိုင်သူတွေနဲ့ ပတ်သက်ဆက်နွှယ်နေသူတွေကို အရေးယူခြင်း၊ လွှဲပြောင်းပေးခြင်း၊ နှိမ်နင်းခြင်းတွေကိုလည်း ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာလည်း တရားဝင်လုပ်ထုံးလုပ်နည်းများနဲ့အညီ ဝင်ရောက်နေထိုင်ရန်ခွင့်ပြုထားတဲ့ နိုင်ငံခြားသားများမရှိကြောင်း ပြောကြားလိုပါတယ်။ သောင်းကျန်းသူ အဖွဲ့တွေအနေနဲ့ ယခုအချိန်အခါမှာလည်း ကျောက်မဲ၊ နောင်ချိုဒေသများမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းတွေကို အင်အားအလုံးအရင်းနဲ့ အပြင်းအထန်တိုက်ခိုက်လျက်ရှိနေပါတယ်။ ဒါကြောင့် သူတို့ရဲ့လုပ်ရပ်များနဲ့ ထုတ်ပြန်ချက်များကို မှန်ကန်စွာခွဲခြားပြီး ရှုမြင်ဖို့၊ ဝိုင်းဝန်းဆန့်ကျင်ကြဖို့လည်း အရေးကြီးပါတယ်။

AA သောင်းကျန်းသူအဖွဲ့ဆိုရင်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်မှာပဲ ရခိုင်ပြည်နယ် နယ်ခြားစောင့် ရဲကင်းစခန်းငယ်တစ်ခုဖြစ်တဲ့ ဒုံးပိုက်ရဲကင်းစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းနဲ့ ရခိုင်ပြည်နယ်အတွင်း မတည်မငြိမ်မှုတွေ ဖြစ်အောင် စတင်ဖန်တီးခဲ့ပါတယ်။ အဲဒီနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ နယ်မြေလုံခြုံရေး ဆောင်ရွက်နေတဲ့ လုံခြုံရေးစခန်းတွေ၊ တပ်စခန်းတွေကို တိုက်ခိုက်ပြီး ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအစုံကို ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဒေသခံပြည်သူများအနေနဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ အခြားမြို့တွေကို တိုက်ပွဲရှောင်များအဖြစ် တိမ်းရှောင်ထွက်ပြေးခဲ့ကြရပါတယ်။ ယခုအချိန်မှာလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ မြို့ရွာတွေသာမက တည်ငြိမ်စွာအေးချမ်းစွာနေထိုင်လိုတဲ့ ရခိုင်ပြည်နယ်တောင်ပိုင်းရှိမြို့များကိုလည်း အပြင်းအထန်တိုက်ခိုက်လျက်ရှိတာတွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးသာ ၉၀ ရာခိုင်နှုန်း နေထိုင်တာကြောင့် AA အဖွဲ့ခေါင်းဆောင်များရဲ့ လုပ်ရပ်များဟာ ကိုယ့်လူမျိုးကို ကိုယ်ပြန်ဖျက်ဆီးနေသလို ဖြစ်နေတာလည်းတွေ့ရပါတယ်။ တပ်မတော်အနေနဲ့လည်း နယ်မြေဒေသတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ဒေသခံပြည်သူများနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူ KIA အဖွဲ့ဟာဆိုရင်လည်း ၂၀၂၁ ခုနှစ်လောက်ကတည်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှာရှိတဲ့ PDF အမည်ခံ အကြမ်းဖက်သမားများကို လက်နက်များတပ်ဆင်ပေးတာတွေ၊ အကြမ်းဖက်စစ်သင်တန်းပေးတာတွေကို လုပ်ဆောင်လာခဲ့ပြီး နယ်မြေမငြိမ်မသက်ဖြစ်အောင် ပုံဖော်ခဲ့ကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ စပ်ဆက်နယ်မြေများမှာလည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ပြည်သူ့အသက်အိုးအိမ်နဲ့ မြို့ရွာများဖျက်ဆီးနေမှုရဲ့ အဓိကအရင်းအမြစ်ဟာ KIA အဖွဲ့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၂၄ ခုနှစ် မတ်လကတည်းက ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများနဲ့ မြို့ရွာများကိုလည်း အင်အားသုံးတိုက်ခိုက်လာတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် CNF အဖွဲ့ဟာဆိုရင်လည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ချင်းပြည်နယ်အတွင်းမှာ တိုက်ပွဲများ ဖော်ဆောင်လာတဲ့အတွက် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ တိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာပျက်စီးခဲ့ရပြီး ဖလမ်း၊ မတူပီ၊ လိုင်လင်းပီ၊ မင်းတပ်၊ ထန်တလန် စတဲ့မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရတာကိုလည်း တွေ့မြင်ရပါတယ်။

စာမျက်နှာ ၄ သို့ ☆

# မြန်မာပြည်သူလူထု အားထားနေရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုနဲ့ နိုင်ငံအတွက် များစွာနစ်နာခဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒေသတွင်းအမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

☆ စာမျက်နှာ ၃ မှ

အလားတူ KNU အဖွဲ့မှ အချို့ခေါင်းဆောင်များဟာဆိုရင်လည်း သူတို့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ် ရေးထိုးထားတဲ့အဖွဲ့ဖြစ်သော်လည်း သဘောတူချက်တွေကို ဖောက်ဖျက်လာတာကို တွေ့ရှိရပါတယ်။ သူတို့ဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သင်တန်းများ သင်ကြားလေ့ကျင့်ပေးတာတွေ၊ လက်နက်များ တပ်ဆင်ပေးတာတွေကို ပြုလုပ်ခဲ့ကြပြီးတော့မှ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများ၊ မြို့ရွာများကို အင်အားသုံးတိုက်ခိုက်ခြင်းများ လုပ်ဆောင်လာခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာဆိုရင် ကော့ကရိတ်မြို့၊ ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်မှာဆိုရင် သင်္ကန်းညိုနောင်မြို့နဲ့ ဧပြီ ၁၀ ရက်မှာ မြဝတီမြို့တို့ကို တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ KNU အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာပျက်စီးခဲ့ရပါတယ်။ ဒ့ါအပြင် မြန်မာပြည်သူလူထု အားထားနေရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုနဲ့ နိုင်ငံအတွက် များစွာနစ်နာခဲ့ပါတယ်။ ဒါတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒေသတွင်း အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် လျက်ရှိနေပါတယ်။ လက်ရှိမှာလည်း KNU အနေနဲ့ တပ်မဟာ (၁၊ ၃၊ ၅) သုံးခုပူးပေါင်းပြီး စစ်တောင်းမြစ်တစ်ဝိုက်မှာ တိုက်ကွက်များဖော်ဆောင်နိုင်ရေး လက်ရှိ KNU ဥက္ကဋ္ဌနဲ့ စစ်ဦးစီးချုပ်တို့က ပူးပေါင်းကြံစည်လျက်ရှိနေတယ်ဆိုတဲ့ သတင်းကိုလည်း ရရှိထားပါတယ်။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်ပြီး KNPP/KNDF သောင်းကျန်းသူအဖွဲ့တွေဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ ကယားပြည်နယ် လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ KNPP/KNDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မလိုလားတဲ့ ဒေသခံပြည်သူတွေရဲ့ သတင်းပေးမှုတွေကြောင့် KNPP/KNDF သောင်းကျန်းသူအဖွဲ့ဝင်များကိုလည်း ချေမှုန်းနိုင်ခဲ့ပါတယ်။ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များကလည်း စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ ခုခံတိုက်ခိုက်နေကြတဲ့အတွက် အခြေအနေအရပ်ရပ်ကိုထိန်းချုပ်နိုင်ခဲ့ပါတယ်။ KNPP/KNDF သောင်းကျန်းသူတွေအနေနဲ့ လွိုင်ကော်မြို့ကို မအောင်မြင်တဲ့အခါ ရှမ်းပြည်နယ်နဲ့အစပ်ဖြစ်တဲ့ ဆီဆိုင်ဒေသဘက်ကို ထိုးဖောက်ဝင်ရောက်ခဲ့ပါတယ်။ ဆီဆိုင်ဒေသဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်တဲ့အတွက် ပအိုဝ်းပြည်သူ့စစ်များနဲ့ ဒေသခံပြည်သူများကလုံးဝလက်မခံဘဲ ရှုပ်ရှုပ်ချုံချုံတိုက်ထုတ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါကြောင့် လက်ရှိအချိန်မှာ လွိုင်ကော်နဲ့ ဆီဆိုင်ဒေသတို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်တစ်ခုလုံး ယခင်လို တည်ငြိမ်အေးချမ်းမှုအပြည့်အဝရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒီလိုတိုက်ခိုက်မှုတွေ လုပ်ဆောင်တဲ့အခါမှာ အဖျက်စိတ်နဲ့ ပြည်သူအများအပြားထိခိုက်စေခဲ့သလို မြို့ရွာများကို ဖျက်ဆီးခဲ့တာကိုလည်းတွေ့ရပါတယ်။

လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့လက္ခဏာမျိုး ရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

★ လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့လက္ခဏာမျိုးရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

တရုတ် - မြန်မာ နယ်စပ်မှာရှိတဲ့ EAO နယ်မြေအချို့မှာ လက်နက်ခဲယမ်း မီးကျောက်စက်ရုံများ တည်ထောင်ထားပြီး လက်နက်များ၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်နေတာကို သိရှိရပါတယ်။ အဲ့ဒီလက်နက်စက်ရုံတွေက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းတွေကို PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ အခြား EAO အဖွဲ့တွေကို ထောက်ပံ့တာတွေ၊ ရောင်းချတာတွေ ပြုလုပ်နေတာကိုတွေ့ရှိရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိတဲ့ လက်နက်တွေ၊ ခဲယမ်းအများစုဟာလည်း အဲ့ဒီစက်ရုံများကထုတ်လုပ်တဲ့ လက်နက်ခဲယမ်းများဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုလက်နက်ခဲယမ်းမီးကျောက်စက်ရုံများ ထူထောင်ဖို့ဆိုတာ သာမန်အခြေအနေနဲ့မရပါဘူး။ ငွေကြေးအင်အားနဲ့ နည်းပညာအင်အားများ များစွာလိုအပ်တာဖြစ်တာကြောင့် ဒီစက်ရုံတွေလည်းပတ်ဖို့ ငွေကြေးနဲ့ နည်းပညာအင်အား ဘယ်နေရာကရရှိတာလဲဆိုတာကိုလည်း ဆန်းစစ်သွားရမှာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့များကိုင်ဆောင်နေတဲ့ လက်နက်များဟာဆိုရင်လည်း ထိုင်း - မြန်မာ နယ်စပ်မှောင်ခိုလမ်းကြောင်းကနေ တင်သွင်းလာတဲ့ လက်နက်များပဲဖြစ်ပါတယ်။ EAO အဖွဲ့တွေနဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေ ကိုင်ဆောင်နေတဲ့ ဆက်သွယ်ရေးစက်တွေ၊ Drone တွေ၊ လက်နက်ခဲယမ်းတွေဟာ အဆိုပါအရင်းအမြစ်တွေက ရရှိနေတာပဲဖြစ်ပါတယ်။

MNDAA ၊ TNLA အကြမ်းဖက်သောင်းကျန်းသူများနဲ့ ဆက်စပ်အဖွဲ့တွေသုံးနေတဲ့ Drop Bomb တွေ၊ ရှော့တိုက်ဒုံးတွေဟာ နည်းပညာအရ အဆင့်မြင့်တင်ပြင်ဆင်ထားတဲ့ ပစ္စည်းများဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ သူတို့သုံးစွဲနေတဲ့ Drone တွေဟာ ပြည်ပဈေးကွက်မှာ ဝယ်ယူရရှိနိုင်ပေမယ့် ဒါတွေကို ပြင်ပကြေးစား နည်းပညာရှင်များနဲ့ ပူးပေါင်းပြီး နည်းပညာအရ အဆင့်မြှင့်တင်ထားတာတွေ၊ တိုက်ပွဲမှာ ပိုမိုအသုံးဝင်အောင် ပြုပြင်ထားတာတွေကိုလည်းတွေ့ရှိရပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဒီလိုအကြမ်းဖက်သောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့တဲ့အချိန်မှာ အရပ်သားပြည်သူတွေ မထိခိုက်စေဖို့ ချမှတ်ထားတဲ့ ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနှင့် အကြမ်းဖက်သောင်းကျန်းမှုနှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနဲ့အညီ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးအားလုံးအတူတကွစုစည်းပြီး နေထိုင်ကြတဲ့ နိုင်ငံဖြစ်ပြီး တောတောင်ရေမြေကစပြီး လုပ်ကိုင်နေကြတဲ့ စီးပွားရေးအခြေအနေများအထိ ခွဲခြားလို့မရတာတွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံသားတိုင်းဟာ မြန်မာနိုင်ငံအတွင်း မည်သည့်ချုပ်ချယ်ကန့်သတ်မှုမျိုးမှမပါဝင်ဘဲ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်ရရှိရမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေ ကြီးစိုးလာတာနဲ့အမျှ ဒီအခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေဟာ အလိုလိုဆုံးရှုံးလျက်ရှိပါတယ်။ ဒီလိုလူမျိုးနှီးနွှယ်တူညီမှု၊ ဘာသာစကားနှီးနွှယ်တူညီမှု၊ ရာဇဝင်အစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာတို့နဲ့ အညီအညွတ်ရှိမှုတို့ကို မထောက်ထားဘဲ သမိုင်းမှာ မရှိခဲ့ဖူးတဲ့ ဒီလိုဆိုးရွားတဲ့ လူမျိုးစွဲဝါဒနဲ့လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ လုပ်ရပ်မျိုးကို လုံးဝလက်ခံမှာလည်းမဟုတ်ပါဘူး။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဟာ တရုတ်နိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေပြီး တစ်နိုင်ငံလုံးရဲ့ နယ်စပ်ကုန်သွယ်ရေး အဓိကဆောင်ရွက်ရာဒေသလည်းဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လမ်းကြောင်းပေါ်မှာတည်ရှိတာကြောင့် ဒေသခံပြည်သူများဟာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်တိုက်ပွဲ ဖော်ဆောင်မှုတွေကြောင့် လူမှုစီးပွားဘဝတွေ၊ ကလေးငယ်တွေရဲ့ ပညာရေးတွေ၊ လူငယ်လူရွယ်တွေရဲ့ အနာဂတ်ဘဝတွေဟာ ဘယ်လိုအိပ်မက်မှ မက်ခွင့်မရတော့ဘဲဆိတ်သုဉ်းရတော့မှာပဲဖြစ်ပါတယ်။ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ဒေသတွေလို ဥပဒေမဲ့ အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်းဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့်အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာ မဟုတ်ပါဘူး။

★ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ ဒေသတွေလို ဥပဒေမဲ့အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်းဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့် အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာမဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာမဟုတ်ပါဘူး။

ဒီနေရာမှာ စီးပွားရေးနဲ့ပတ်သက်ပြီး အနည်းငယ်ပြောချင်ပါတယ်။ နိုင်ငံတစ်ခုရဲ့ စီးပွားရေးအင်အားတောင့်တင်းမှ ကျန်ရှိတဲ့အင်အားများဟာလည်း ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒ့ါကြောင့် စီးပွားအရကျဆင်းပြီး နိုင်ငံရဲ့ကာကွယ်ရေးအင်အား လျော့နည်းအောင် မိမိတို့နိုင်ငံအပေါ်မှာ စီးပွားရေးအရ ပိတ်ဆို့တာတွေ၊ ကောလာဟလသတင်းများ ဖြန့်တာတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ကြိုးစားဖြေရှင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံ့စီးပွားကောင်းမွန်စေဖို့အတွက် ထုတ်ကုန်များစွာ လိုအပ်တာကြောင့် ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်များ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရမှာလည်း ဖြစ်ပါတယ်။ ဒ့ါကြောင့် အဓိကကျပြီး လက်ဆုပ်လက်ကိုင်ရှိနေတဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို အခြေခံတဲ့ကုန်ထုတ်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

စာမျက်နှာ ၅ သို့ ☆

✰ စာမျက်နှာ ၄ မှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အခြေအနေနှင့် ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ လက်ရှိနေရာများရဲ့ လုံခြုံရေးနဲ့ လာရောက်ခိုလှုံနေတဲ့ ပြည်သူများ ဘေးအန္တရာယ်ကင်းရေးကို ဦးစားပေးစဉ်းစားပြီး ဆုတ်ခွာခဲ့ရတာလည်းရှိပါတယ်။ ဒါကို MNDAA၊ TNLA သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေနဲ့ နောက်ကွယ်ကနေ အားပေးအားမြှောက်ပြုနေတဲ့ ပြည်တွင်း၊ ပြည်ပက လောက်ကောင်တွေနဲ့ချိတ်ဆက်ပြီး သူတို့ကိုခိုင်းစေတဲ့နိုင်ငံများရဲ့အလိုကျ မြန်မာပြည်သူလူထု စိတ်မချမ်းမသာဖြစ်အောင် အင်အားလျော့လာအောင် ဝါဒဖြန့်ချိတာတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းဖို့ အသက်၊ သွေးချွေးများ ရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးကြတဲ့ ခေတ်အဆက်ဆက်က မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ပြည်သူများဟာ မြန်မာပြည်ကြီးရဲ့ဦးဆောင်လမ်းပြတဲ့ သူရဲကောင်းတွေအဖြစ် အမြဲတည်ရှိနေမှာပါ။ အသိအမှတ်ပြုလေးစားအမှတ်ရနေမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်သားတွေရဲ့ မှန်ကန်တဲ့စိတ်ဓာတ်၊ ဖွဲ့မာန်ပြင်းပြမှုတွေကြောင့် နိုင်ငံတော်မှာ လက်နက်ကိုင်အကြမ်းဖက်တဲ့ လမ်းစဉ်ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပြည့်နဲ့ ပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသွားရမှာလည်း ဖြစ်ပါတယ်။

**★ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူအမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေသတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။**

ကျွန်တော်တို့ မြန်မာ့တပ်မတော်ဟာ မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိဖို့အတွက် ပြည်သူထဲက ပေါက်ဖွားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်အပြည့်ရှိပြီး စွန့်လွှတ်အနစ်နာခံမယ်ဆိုတဲ့စိတ် တစ်ခုတည်းနှင့်သာ မျိုးချစ်လူငယ်များနဲ့ စတင်တည်ထောင်ခဲ့တဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော်ကပဲ အခက်အခဲအမျိုးမျိုးကြားကနေ ပြည်သူတစ်ရပ်လုံးရဲ့ အားပေးထောက်ခံမှုနဲ့ နိုင်ငံတော်တစ်ခုလုံးရဲ့ လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာလည်း ရှေ့တန်းစစ်မျက်နှာအသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေကို နိုင်ငံချစ်စိတ်ရှိသည့် ပြည်သူလူထုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ အားပေးစာများကို တစ်ခဲနက် ဆောင်ရွက်ပေးနေကြတာကိုလည်း အားရဖွယ်ရာတွေ့ရပါတယ်။ အလားတူ တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့ နိုင်ငံရေးပါတီများနဲ့ ပြည်သူ့အဖွဲ့အစည်းအသီးသီးက အကြမ်းဖက်လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတာ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး Volunteer ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက တပ်မတော်နှင့်နိုင်ငံတော်ကို ဝိုင်းဝန်းပြောဆိုထောက်ခံအားပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ ယခုလို ဆောင်ရွက်ပေးမှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ခွန်အားများဖြစ်ပေါ်ရသည်ကိုလည်း ပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ ရရှိပြီးသားလွတ်လပ်ရေးကြီးတည်တံ့နေဖို့၊ ပြည်ထောင်စုကြီးတည်တံ့နေဖို့ ပြည်သူ့ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးခဲ့တာ ဒီနေ့အချိန်အထိလည်း ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာစိတ်မကောင်းဖြစ်ရပါတယ်။ သူတို့ရဲ့ စွန့်လွှတ်စွန့်စားမှုကို ဘယ်တော့မှမေ့ပျောက်ပစ်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ ချီးကျူးဂုဏ်ပြုခြင်းများ၊ ရရှိရမယ့်အခွင့်အရေးများနဲ့ ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသွားမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့တပ်မတော်သားတိုင်းဟာ ရှေးကလွတ်လပ်ရေးအတွက် အသက်ခန္ဓာစွန့်လွှတ်ကာ တိုက်ပွဲဝင်ခဲ့ကြတဲ့ စစ်သည်တော်တွေလိုပဲ တန်ဖိုးရှိတဲ့ ပြည်သူ့သားကောင်းရတနာတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူအမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေသတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့သာ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ကျွန်တော်တို့ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်း ပေးကြဖို့လိုအပ်ပါတယ်။ တပ်မတော်နဲ့ မျိုးချစ်ပြည်သူလူထုရှိနေသမျှ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရပါမယ်။ တည်တံ့ခိုင်မြဲအောင်လည်း လုပ်ဆောင်ပါမယ်။ စည်းလုံးသောအင်အားဖြင့် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

❖



# အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း (တတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးသူရထွန်းနှင့်ညီဖြစ်သူ အသည်းအလှူရှင် ကိုနေလင်းထိုက်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ**

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ Smiling Children Program ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် Smiling Children Program ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီကအမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ကပြဖျော်ဖြေ၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့ပိုင်က အဖွင့်အမှာစကားပြောကြားပြီး တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် Ms.Tang Fengmei မှ Smiling Children Program အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် Ms.Tang Fengmei အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စုမွန်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဝိသမလောဘသားတို့၏ ညွှတ်ကွင်းမှ လွတ်ကင်းနိုင်ပါစေ

## ငြိမ်းချမ်းအောင်

**လူကုန်ကူးမှု ဒုစရိုက်လုပ်ငန်းများအနက် အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လူကုန်ကူးမှုမှာ ယနေ့ကမ္ဘာတွင် ထိပ်တန်းပြဿနာတစ်ခု ဖြစ်လာသည်။**

အွန်လိုင်း သို့မဟုတ် အင်တာနက်ကို အသုံးပြု၍ လိမ်လည်သည့် အွန်လိုင်းငွေလိမ်လုပ်ငန်းကို တရုတ်နိုင်ငံ အပါအဝင် အရှေ့တောင်အာရှက ကျားဖြန့်ဟု လူသိများကြသည်။ ကျားဖြန့်ဟူသည့် အသုံးအနှုန်းမှာ တရုတ်ဘာသာစကားအသံထွက်ဖြစ်ပြီး အဓိပ္ပာယ်မှာ လိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ဖြားယောင်းသွေးဆောင်မှုများဟု ဆိုလိုသည်။

လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုခန့်ကာလ တရုတ်နိုင်ငံအတွင်း လောင်းကစားဝိုင်းများကို နှိမ်နင်းပြီးနောက်ပိုင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်မှုကာလ နောက်ပိုင်းတွင် ကျားဖြန့်လုပ်ငန်းသည် ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကြီးမားကျယ်ပြန့်စွာအခြေစိုက်လာခဲ့သည်။

### လိမ်လည်မှုပေါင်းများစွာကို ကျူးလွန်

အဆိုပါ အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် လူမှုကွန်ရက်တွင် သားကောင်ရှာဖွေခြင်း၊ အွန်လိုင်း၌ အမျိုးသမီးအဖြစ် အကောင့်အတု ဖန်တီးပြီး အနောက်နိုင်ငံမှ အွန်လိုင်းသုံးစွဲသူ အမျိုးသားများကို ခရစ်တိုကာရန်စီဟုခေါ်ဆိုသည့် ဒစ်ဂျစ်တယ် ငွေကြေးများ လွှဲပြောင်းလာအောင် ဖြားယောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အချစ်ဇာတ်လမ်းများဖြင့် ဖြားယောင်းသွေးဆောင်လိမ်လည်ခြင်း၊ ဂိမ်းအပလီကေးရှင်း(App) အတုများ၊ ဝက်ဘ်ဆိုက်စာမျက်နှာ(Website) အတုများ၊ ကုမ္ပဏီလုပ်ငန်းအတုများဖြင့် ငွေကြေးအမြတ်အစွန်းများ မက်လုံးပေး၍ လိမ်လည်ခြင်းစသဖြင့် လိမ်လည်မှုပေါင်းများစွာကို ကျူးလွန်ခဲ့ကြရာ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု(USIP)ကပင် လက်ရှိကာလတွင် ကျားဖြန့်လုပ်ငန်းများသည် နိုင်ငံပေါင်းချုပ် အွန်လိုင်းငွေကြေးလိမ်လည်မှုအသင်းကြီး ဖြစ်နေသည်ဟု ဆိုသည်။

အဆိုပါ အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် ၎င်းတို့လုပ်ငန်းများတွင် အသုံးချရန်အတွက် အိုင်တီနည်းပညာတတ်ကျွမ်းသူ၊ နိုင်ငံတကာ ဘာသာစကားကျွမ်းကျင်သူ၊ ပညာအရည်အချင်းအသင့်အတင့်ရှိသူ၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို ပစ်မှတ်ထား၍ ကုမ္ပဏီလုပ်ငန်းများ အသွင်ဖြင့် လစာပမာဏများများဖော်ပြကာ သွေးဆောင်ဖြားယောင်းခဲ့ကြသည်။

ဤသို့ဖြင့် နိုင်ငံပေါင်းစုံမှ ဘာသာစကားကျွမ်းကျင်သည့် ပညာတတ်လူငယ်များစွာသည် မြင့်မားသော လစာမက်လုံးများကြောင့် လူကုန်ကူးခံရကာ ကျားဖြန့်အွန်လိုင်း ငွေကြေးလိမ်လည်သည့် လုပ်ငန်းတွင်လုပ်ကိုင်ရန် အတင်းအကျပ် ဖိအားပေး လုပ်အားစေခိုင်းခြင်း ခံခဲ့ကြရသည်။

အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာစသည့် အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများမှ အလုပ်ကောင်းကောင်းနှင့် လစာကောင်းကောင်း လိုအပ်နေကြသည့် ပညာတတ်လူငယ်လူရွယ်များစွာမှာ ကျားဖြန့်လုပ်ငန်းအတွက် လူကုန်ကူးခံခဲ့ကြရပြီး ကျွန်ပြုစေခိုင်းမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ သတ်ဖြတ်ခံရသည့် ရာဇဝတ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြုံတွေ့ခဲ့ကြရသည်။

အသက် ၃၂ နှစ်အရွယ် ငုယင်မှာလည်း စင်ကာပူတွင် အလုပ်ရမည်ဟု ဗီယက်နမ်ပွဲစားတစ်ဦး၏ သိမ်းသွင်းမှုကို ယုံကြည်ခဲ့ရာက လောက်ကိုင်မြို့တွင် ခရီးဆုံးပြီး အွန်လိုင်းငွေလိမ်လုပ်ငန်းတွင် စေခိုင်းခံခဲ့ရသည်။ ပွဲစားက ငုယင်ကို ခရီးတစ်ထောက်နားရန် မြန်မာနိုင်ငံသို့ သွားရမည်ဟု လိမ်လည်လှည့်ဖြားပြီး လောက်ကိုင်မြို့သို့ ပို့ဆောင်ကာ မြို့တွင်းအဆောက်အအုံတစ်ခုတွင် အခြားဗီယက်နမ်နိုင်ငံသားအချို့နှင့်အတူ ပိတ်လှောင်ထားခဲ့သည်။ တစ်လမှာ အနည်းဆုံး ဒေါ်လာနှစ်ရာခန့် မလိမ်လည်နိုင်ပါက နှိပ်စက်ခံကြရသည်။

### အတင်းအကျပ်စေခိုင်းခံခဲ့ကြရ

ငုယင်နည်းတူ အလုပ်၊ လစာကောင်းကောင်းရရှိမည်ဟူသည့် မက်လုံးများကြောင့် မြန်မာအပါအဝင် ဒေသတွင်းမှ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်သူ ပညာတတ်လူငယ်များသည် ဖြားယောင်းသိမ်းသွင်းခံရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများတွင် အတင်းအကျပ်စေခိုင်းခံခဲ့ကြရသည်။ နှိပ်စက်ခံရသည့် နိုင်ငံခြားသားများက သက်ဆိုင်ရာသံရုံးများကိုနေရာအတိအကျဖြင့်သတင်းပေးပို့ခဲ့ရာမှ ဒေသတွင်းအစိုးရများက အွန်လိုင်းငွေလိမ်ဂိုဏ်းများကို အာရုံစိုက်လာမိကြသည်။

အွန်လိုင်းလောင်းကစားမှုနှင့် ငွေလိမ်ဂိုဏ်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့မှာ နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်ခြင်းကို ခံကြရသည့်အပြင် အဆိုပါ ရာဇဝတ်ဂိုဏ်းများ၏ လူကုန်ကူးခံကြရသူများ၊ ငွေကြေးလိမ်လည်ခံကြရသူများ၏ မိခင်နိုင်ငံများ၏ အထင်အမြင်လွဲမှုများကိုလည်း ရင်ဆိုင်ကြရသည်။

အမှန်တကယ်အားဖြင့် အွန်လိုင်းငွေလိမ်ဂိုဏ်းများကို ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်လာသူများက တည်ထောင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံသားများက တည်ထောင်လုပ်ကိုင်ခြင်းမဟုတ်ဘဲ တရားမဝင် ဝင်ရောက်လာသူ အများစုက လောက်ကိုင်မြို့ကဲ့သို့ နယ်စပ်ဒေသများတွင် လုပ်ကိုင်ခဲ့ကြပြီး အချို့မှာ မြို့ပြများတွင် တိတ်တိတ်ပုန်းလုပ်ကိုင်ခဲ့ကြခြင်း ဖြစ်သည်။

ကိုးကန့်ဒေသတွင် ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်း လုပ်ဆောင်မှုများရှိခဲ့ရာမှ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်တွင် သွားလာမှု ကန့်သတ်ချက်များအရ အွန်လိုင်းမှသာ လောင်းကစားမှုများကို လုပ်ဆောင်ခဲ့ကြရာ လုပ်ငန်းအတွက် ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများအပါအဝင် နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ကျားဖြန့် ခေါ် အွန်လိုင်း ငွေလိမ်ဂိုဏ်းများ၏ လိမ်လည်ခံရမှုကြောင့် ဒေါ်လာဘီလီယံနှင့်ချီ နစ်နာခဲ့သော တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ဖမ်းဆီးနှိမ်နင်းမှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံကလည်း မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများကို ထိရောက်စွာ နှိမ်နင်းရှင်းလင်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက "လောက်ကိုင်ဒေသအပါအဝင် နယ်စပ်ဒေသများတွင်ဖြစ်ခဲ့သည့် ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှုများသည် လောက်ကိုင်မှာဆိုလျှင် ဟိုတယ်များ၊ လျှို့ဝှက်နေရာများတွင် ပုန်းလျှိုးကွယ်လျှိုးဆောင်ရွက်ကြခြင်းဖြစ်၍ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် သိရှိခဲ့ခြင်းမရှိကြောင်း၊ လိမ်လည်မှုများကို တရုတ်နိုင်ငံမှ တိမ်းရှောင်လာသည့် တရုတ်ရာဇဝတ်သားများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လောင်းကစားလုပ်သူများ၊ လိမ်လည်ခံရသူ အများစုမှာလည်း တရုတ်နိုင်ငံသားများသာဖြစ်၍ မြန်မာနိုင်ငံက အများစုက သိရှိခဲ့ခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါကျားဖြန့်ကိစ္စကို သိရှိသည်နှင့်တစ်ပြိုင်နက် တရုတ်နိုင်ငံနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါကြောင်း၊ ကိုးကန့်ဒေသတွင်သာမက အခြားနယ်စပ်ဒေသများ၌ပါ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇူလိုင် ၉ ရက်အထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင်ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ(ရွှေကုက္ကိုလ်၊ KK Park) တို့မှ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ ဦး အပါအဝင် ၂၁၅၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း" ဇူလိုင် ၁၀ ရက် က ရှမ်းပြည် နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

### နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရ

တရုတ်နိုင်ငံသားများသည် အွန်လိုင်းဂိမ်းကဲ့သို့ တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ပါက တရုတ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသဖြင့် အွန်လိုင်းဂိမ်းများတွင် ဖမ်းဆီးခံရသည့် တရုတ်နိုင်ငံသားအချို့သည် တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်မခံရရေးအတွက် အခြားနိုင်ငံသားဟု လိမ်လည်ထွက်ဆိုခြင်း၊ ထိန်းသိမ်းထားရာနေရာမှ နည်းလမ်းအမျိုးမျိုးဖြင့် လွတ်မြောက်ရန် ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့သည်။

မကြာသေးမီက ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဗျူရို၏ သတင်းထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နီနွိုင်းအကွီနိုအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၁၂-၇-၂၀၂၄ ရက်က ပြန်လည်ခေါ်ဆောင်ခဲ့သည့် အသက် ၄၀ အရွယ် 'King' ဆိုသူသည် ဖိလစ်ပိုင်နိုင်ငံသားမဟုတ်ဘဲ တရုတ်နိုင်ငံသားဖြစ်နေကြောင်း၊ ၎င်းသည် ဖိလစ်ပိုင်မှ ထိုင်းသို့ သွားရောက်ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်ကာ နယ်စပ်ဒေသတွင် တရားမဝင် အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းခွင်တွင် အလုပ်ဝင်စ တစ်လအတွက်သာ လုပ်အားခရရှိပြီး ပြစ်ဒဏ်ပေးမှုများသာခံရ၍ အဆင်မပြေသဖြင့် ထိုင်းနိုင်ငံသို့တရားမဝင် ပြန်လည်ဝင်ရောက်ခဲ့ရာမှ ထိုင်းလူဝင်မှုကြီးကြပ်ရေးအဖွဲ့၏သုံးလကြာဖမ်းဆီးမှုခံခဲ့ရကြောင်း၊ တရုတ်နိုင်ငံကူးလက်မှတ်ကို အသုံးပြုပါက တရုတ်နိုင်ငံသို့ ပြန်လည် ပို့ဆောင်ခံရမည်စိုးရိမ်၍ ဖိလစ်ပိုင်နိုင်ငံသားအဖြစ် ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဝိသမလောဘသားတို့၏ ညွှတ်ကွင်းတွင် သားကောင်ဖြစ်ခဲ့ကြရသော လူကုန်ကူးခံကြရသူများ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများကား ရှုပ်ထွေးပွေလီလှသော လောကကြီးအကြောင်းကိုစူးစမ်း၊ သင်ယူစ အတွေ့အကြုံဗဟုသုတနည်းသူလူငယ်များအဖို့ သင်ခန်းစာယူစရာပင်။

မြန်မာလူငယ်များအနေဖြင့်လည်း စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေရာတွင်လည်းကောင်း၊ ရေကြည်ရာမြက်နုရာ နယ်မြေသစ်သို့ စွန့်စားသွားရောက်လုပ်ကိုင်ရာတွင်လည်းကောင်း လူကုန်ကူးမှုအန္တရာယ်ကို သတိပြုဆင်ခြင်ရန်လိုအပ်ပါသည်။ မိမိထက် အကြားအမြင်ဗဟုသုတပြည့်ဝသူများ၊ ဘဝအတွေ့အကြုံရင့်ကျက်သူ လူကြီးမိဘများ၏ အကြံပြုလမ်းညွှန်မှုများကို အလေးထားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

လစာနှင့် အခွင့်လမ်းကောင်းများရရှိမည်ဟူသော နောက်ကွယ်တွင် ဘယ်သူသေသေ ငတေမာပြီးရောဟူသည့် ဝိသမလောဘသားတို့၏ လူကုန်ကူးမှုအန္တရာယ်ညွှတ်ကွင်းကလည်း ရှိနေနိုင်သည် မဟုတ်ပါလား။ ။

> **"အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် လူမှုကွန်ရက်တွင် သားကောင်ရှာဖွေခြင်း၊ အွန်လိုင်း၌ အမျိုးသမီးအဖြစ် အကောင့်အတုဖန်တီးပြီး အနောက်နိုင်ငံမှ အွန်လိုင်းသုံးစွဲသူအမျိုးသားများကို ခရစ်တိုကာရန်စီဟုခေါ်ဆိုသည့် ဒစ်ဂျစ်တယ်ငွေကြေးများ လွှဲပြောင်းလာအောင် ဖြားယောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အချစ်ဇာတ်လမ်းများဖြင့် ဖြားယောင်းသွေးဆောင်လိမ်လည်ခြင်း၊ ဂိမ်းအပလီကေးရှင်း(App) အတုများ၊ ဝက်ဘ်ဆိုက်စာမျက်နှာ(Website) အတုများ၊ ကုမ္ပဏီလုပ်ငန်းအတုများဖြင့် ငွေကြေးအမြတ်အစွန်းများ မက်လုံးပေး၍ လိမ်လည်ခြင်းစသဖြင့် လိမ်လည်မှုပေါင်းများစွာကို ကျူးလွန်ခဲ့ကြရာ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု(USIP)ကပင် လက်ရှိကာလတွင် ကျားဖြန့်လုပ်ငန်းများသည် နိုင်ငံပေါင်းချုပ် အွန်လိုင်းငွေကြေးလိမ်လည်မှုအသင်းကြီး ဖြစ်နေသည်ဟုဆို"**

> **"ဝိသမလောဘသားတို့၏ ညွှတ်ကွင်းတွင် သားကောင်ဖြစ်ခဲ့ကြရသော လူကုန်ကူးခံကြရသူများ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများကား ရှုပ်ထွေးပွေလီလှသော လောကကြီးအကြောင်းကိုစူးစမ်း၊ သင်ယူစ အတွေ့အကြုံဗဟုသုတနည်းသူ လူငယ်များအဖို့ သင်ခန်းစာယူစရာပင်။**
>
> **မြန်မာလူငယ်များအနေဖြင့်လည်း စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေရာတွင်လည်းကောင်း၊ ရေကြည်ရာမြက်နုရာ နယ်မြေသစ်သို့ စွန့်စားသွားရောက်လုပ်ကိုင်ရာတွင်လည်းကောင်း လူကုန်ကူးမှုအန္တရာယ်ကို သတိပြု ဆင်ခြင်ရန်လိုအပ်ပါသည်။ မိမိထက် အကြားအမြင်ဗဟုသုတပြည့်ဝသူများ၊ ဘဝအတွေ့အကြုံရင့်ကျက်သူ လူကြီးမိဘများ၏ အကြံပြုလမ်းညွှန်မှုများကို အလေးထား"**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခု ခွင့်ပြု

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ငါးခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းနှင့် ကျပ် ၅၇၃၅၁ ဒသမ ၉၇၆ သန်း ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံး မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများသည် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများအနေဖြင့် စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## (၅၇)နှစ်ပြည့် အာဆီယံထူထောင်ခြင်း အထိမ်းအမှတ်အဖြစ် ကျပ် ၂၀၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၂၄ ခုနှစ် (၅၇)နှစ်ပြည့် အာဆီယံထူထောင်ခြင်း အထိမ်းအမှတ်အဖြစ်(၂၀၀ ကျပ်တန်)အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

**နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်**

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဩဂုတ် ၈ ရက် (ကြာသပတေးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိစစ်ဆေးသည်။



ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် အရာထမ်းများကိုတွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မူလလျာထားသည့်အတိုင်း ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ စီမံဆောင်ရွက်ထားရန်၊ သံမဏိစက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် သွင်းကုန်အစားထိုးလုပ်ငန်း ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် အထောက်အပံ့ပြုမည့် လုပ်ငန်းများဖြစ်ရာ ဝန်ထမ်းများ အနေဖြင့်လည်း ပေးအပ်သည့် တာဝန်များကို ဂုဏ်ယူတတ်ကြရန်နှင့် ကျရာကဏ္ဍမှ အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရန်၊ ခေတ်နှင့်အညီ သံမဏိထုတ်လုပ်မှု နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အမြဲ လေ့လာဆည်းပူးဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း မှတ်တမ်းနှင့်တကွ စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ရောက်ရှိပြီး သင်တန်းကျောင်းရှိ ဆရာ ဆရာမများအနေဖြင့် သင်တန်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်၊ ဆရာ ဆရာမ ဖြစ်သည်နှင့် လျော်ညီစွာ သင်တန်းကျောင်း၏ စံနမူနာပြဖြစ်အောင် ပြုမူနေထိုင်ကြရန်၊ အထည်ချုပ်သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများကိုလည်း စနစ်တကျထိန်းသိမ်းထားရှိရန်၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ရာ လွှဲပြောင်းလက်ခံရေးအခမ်းအနားအတွက် အသေးစိတ်စီမံချက်များ ကြိုတင်ရေးဆွဲပြင်ဆင်ထားရန် မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် လားရှိုးခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံ၍ အားပေးစကားမှာကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အထည်ချုပ်သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု၊ အထည်ချုပ်သင်တန်းခန်းမ ပြင်ဆင်ထားရှိမှု၊ သင်တန်းသား စားရိပ်သာနှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပမည့် အလုပ်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးသက်ဇော်က အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံများပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအနက် အသက်(၃၅)နှစ်အောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်လေ့ကျင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမဠ**

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များက သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၅

MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမွှဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့က သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက် သေဆုံးခဲ့ပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံနေရာများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရမှုနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိနေခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိတပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရှိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံနေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း သဘောထားထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ဒေသခံ အပြစ်မဲ့ပြည်သူများ၊ ထိခိုက်လွယ် အမျိုးသမီးများ၊ ကလေးသူငယ်များ အပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အအုံများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင် ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ
ဘဝမြှင့်တင်ရေးအသင်း**

## မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ( ၅ ) ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များ၊ ဒေသခံပြည်လူထုနှင့် လူနာများ တက်ရောက်ဆေးကုသနေသည့် ဆေးရုံတို့အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက် ခြင်းတို့ကြောင့် ပြည်သူများ အတိဒုက္ခရောက်ရှိခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများကို တိုက်ခိုက်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးခဲ့ရခြင်းနှင့် အချို့ကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးရခြင်း၊ အနာဂတ်အတွက် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ၏ပညာရေးနှင့် တိုင်းပြည်၏ အနာဂတ်အရေးအတွက် များစွာထိခိုက်ခြင်း၊ စစ်ကြောင့် ထိခိုက်ဒဏ်ရာရကာ မသန်စွမ်းဖြစ်ရခြင်း၊ ဒေသရှိ စစ်ဘေးဒုက္ခသည် မသန်စွမ်းသူများအနေဖြင့် အခြားသော စစ်ဘေးဒုက္ခသည်များထက် ပိုမိုထိခိုက်ရခြင်းကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်**

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်းသိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံနေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာ နေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့် အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်း သို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

## သထုံမြို့နယ်၌ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် လူရွေးချယ်ပွဲ ကျင်းပ



**သထုံ ဩဂုတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့် ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး တွဲဖက်တာဝန်ခံ ဒေါ်သန်းဆင့်က ရိုးရာယဉ်ကျေးမှု အနုပညာများ မတိမ်ကောမပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်၍ မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ကာ ကျင်းပရခြင်း ဖြစ်ကြောင်း အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲ၏ အမှတ်ပေးစည်းမျဉ်းများရှင်းလင်းပြောကြားသည်။

ယင်းနောက် အခြေခံပညာ အဆင့်၌ ကာလပေါ်အဆို ကိုးဦး၊ မဟာဂီတအဆို တစ်ဦး၊ အဆင့်မြင့်ပညာအဆင့်တွင် ကာလပေါ် အဆို ခုနစ်ဦး၊ မဟာဂီတ သုံးဦး၊ အက နှစ်ဦး၊ အတီးနှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄ ဦး တို့က ဝင်ရောက်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက ပြည်နယ်အဆင့်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများကို စိစစ်ရွေးချယ်ပေးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက ရွေးချယ်ခံရသည့် မြို့နယ်ဂုဏ်ဆောင်အဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြို့ကုန်းငါးလုပ်ငန်းသင်တန်းကျောင်း၌ အခြေခံငါးဖမ်းကိရိယာဖြင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်းတွင် အခြေခံငါးဖမ်း ကိရိယာဖြင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ သင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)မှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်း ဝန်ထမ်းခုနစ်ဦး၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ သင်တန်းသား သင်တန်းသူ ငါးဦး အပါအဝင် စုစုပေါင်း ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြန်မာအက၊ အခြေခံကဗျာလွတ်(ပထမအဆင့်) ခရိုင်အဆင့်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မြန်မာအက၊ အခြေခံကဗျာလွတ် (ပထမအဆင့်) ခရိုင်အဆင့်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အားကစားခန်းမ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဒေါက်တာရွှေပြည်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဆရာကြီး ဦးငွေသူရက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ်ပေးဒိုင်အဖွဲ့က အမှတ်ပေးစည်းမျဉ်းများ ပြောကြားပြီးပြိုင်ပွဲကို ကျင်းပခဲ့ရာ ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စသည့် မြို့နယ်လေးမြို့နယ်မှ မြန်မာ့အက၊ အခြေခံကဗျာလွတ်အကကို ကျောင်းပေါင်း လေးကျောင်းယှဉ်ပြိုင်ကြပြီး မြို့နယ်ကိုယ်စားပြုတစ်သင်းလျှင် ၁၆ ဦးနှင့် အရန်နှစ်ဦး စုစုပေါင်း ၁၈ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုကို အ.ထ.က(ခွဲ) အလက(၇) ဒဂုံတောင်ကလည်းကောင်း၊ ဒုတိယဆုကို ထူးကျော်ကိုယ်ပိုင်အလယ်တန်းကျောင်းအရှေ့ဒဂုံကလည်းကောင်း၊ တတိယဆုကို အထက(၃) ဒဂုံဆိပ်ကမ်းနှင့် အထူးဆုကို အထက(၂)မြောက်ဒဂုံတို့က ရရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ ကြကြောင်း သိရသည်။

**နေမျိုးအောင်**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

**ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်များကို စတင်စိုက်ပျိုးပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း/အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင် ၁၃၃၃ ပင်၊ နှစ်ရှည်ပန်းပင် ၅၄ ပင်၊ နှစ်ရှည်ပင် ၁၉၁ ပင်စုစုပေါင်း ၁၅၇၈ ပင်တို့ကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယနေ့တွင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ဝန်ကြီးဌာနကြီးကြပ်မှုအောက်မှ တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပရာ နှစ်ရှည်သီးနှံပင် ၄၀၁၇ ပင်၊ နှစ်ရှည်ပန်းပင် ၈၂၅ ပင်၊ အရိပ်ရလေကာပင် ၅၉၄ ပင် စုစုပေါင်း ၅၄၃၆ ပင်တို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးကြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်၊ နှစ်ရှည်ပန်းပင်၊ အရိပ်ရလေကာပင် စုစုပေါင်း ၁၃၅၉၂ ပင်၊ ဒုတိယအကြိမ်တွင် သစ်ပင်ပေါင်း ၁၃၉၂၄ ပင်နှင့် ယခုတတိယအကြိမ်တွင် သစ်ပင်ပေါင်း ၇၀၁၄ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြကာ တစ်နိုင်ငံလုံးအနေဖြင့် ယခုနှစ်တွင် သစ်ပင်စုစုပေါင်း ၃၄၅၃၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် တော်ဝင်ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်ကွပ်ကဲမှုအောက်ရှိမြို့နယ်များမှ အရာထမ်းအမှုထမ်းများက မဟော်ဂနီ ၁၈ ပင်၊ တည်ပင် ၁၇ ပင်၊ သရက်ပင် ၂၀၊ ပိန္နဲပင် ၁၀၊ တမာပင် ၁၀ စုစုပေါင်းပျိုးပင် ၇၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## ကြည့်မြင်တိုင်မြို့နယ်၌ အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ကျင်းပသည်။

သင်တန်းတွင် ကြည့်မြင်တိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကောင်းပြည့်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုလတ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမြင့်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်မြနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တင်ဝင်းတင်**





## မရမ်းကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မရမ်းကုန်း ဩဂုတ် ၅**

၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ကမ္ဘာအေးဘုရား၌ ယနေ့နံနက် ၁၀ နာရီက သစ်တောဦးစီးဌာနက ဦးဆောင်၍ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မိုး ဦးဆောင်သော ဝန်ထမ်း ၈၀၊ အလုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူနှင့် ဝန်ထမ်း ၁၅ ဦး၊ ဒေသခံပြည်သူ ၂၀ စုစုပေါင်း ၁၁၅ ဦးတို့က ငုရွှေဝါပင် ၃၀၊ ပျဉ်းမပင် ၃၀၊ စိန်ပန်းပင် ၃၀၊ ထိုင်ဝမ်ဗာဒံပင် ၃၀၊ ခရေပင် ၃၀၊ ကျွန်းတစ်ပင်၊ မည်စည်တစ်ပင် စုစုပေါင်းပျိုးပင် ၁၅၂ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စားအုန်းဆီ အိမ်တိုင်ရာရောက် ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ဝယ်ယူသူများပြားလျက်ရှိ

**ရန်ကုန် ဩဂုတ် ၅**

စားအုန်းဆီ အရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများ စားအုန်းဆီကို လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန်ရည်ရွယ်ပြီး ဇူလိုင် ၃၁ ရက်မှစတင်၍ အိမ်တိုင်ရာရောက်(Door to Door) ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ဝယ်ယူသူ များပြားလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ သိရသည်။

**ပစ္စည်းရောက်ငွေချေစနစ်**

အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဝယ်ယူမည့်အိမ်ထောင်စုများအနေဖြင့် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီခွဲအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) Call Center ဖုန်းနံပါတ် ၀၁-၂၃၉၉၂၂၂ (လိုင်းခွဲ ၇ လိုင်း)သို့ ဆက်သွယ်မှာယူနိုင်ကြောင်းနှင့် မှာယူသူများ၏ အမည်၊ ဖုန်းနံပါတ်၊ လိပ်စာတို့အား မှတ်သားထားပြီး ပစ္စည်းရောက်ငွေချေစနစ်ဖြင့်သာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကား အရောင်းဆိုင်များမှတစ်ဆင့် လုပ်သားပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိရာ ဆီထုတ်ကိုယ်စားလှယ် ၁၄၂ ဦး၊ လက်ကားရောင်းချသူ ၄၀၁ ဦး၊ လက်လီရောင်းချသူ ၅၃၆၇ ဦးရှိပြီး ယခုဆောင်ရွက်သော အစီအစဉ်သည် နေ့စဉ်လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများနှင့် ရုံးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း လုပ်သားပြည်သူများ စားသုံးဆီပြတ်လပ်မှုမရှိစေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**





❂ ကျောဖုံးမှ

များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

**ဖွင့်လှစ်သင်ကြား**

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

၁။ ကျွန်တော်ကတော့ လားရှိုးတက္ကသိုလ်ကောလိပ်ကနေပြီးတော့မှ ဘူမိဗေဒဘာသာဖြင့် ဘွဲ့ဒီဂရီကို ရရှိထားတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့လူမျိုးကတော့ အဖေက 'ဝ'ဖြစ်ပြီးတော့ အမေက ကချင်လူမျိုး ဖြစ်ပါတယ်။ ကပြားတိုင်းရင်းသားကြီး ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းရန် အတွက် တပ်ကို ရောက်ရှိတဲ့အချိန်မှာ ကျွန်တော်တို့ကို လိုလေသေးမရှိအောင် နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ရှိတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။

၂။ ကျွန်တော် ဒီလိုတပ်မတော် ထဲကိုဝင်ရတဲ့ ခံယူချက်ကတော့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ အခုဆိုရင် ပြည်ပရန်ကော၊ ပြည်တွင်းက သောင်းကျန်းသူကော အမြင်မတူတဲ့လှုပ်ရှားသူတွေနဲ့ ဆူပူနေတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ကိုယ့်အိမ်မှာကိုယ်နေပြီးတော့မှ ဒီအတိုင်းကြီး ထိုင်နေမယ့် အတူတူ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေပြီးတော့ တာဝန်ထမ်းဆောင်ရမယ် ဆိုတဲ့စိတ်နဲ့ ကျွန်တော်ဝင်ရောက်လာခြင်းဖြစ်ပါတယ် ခင်ဗျ။ အခုလိုမျိုး စစ်မှုထမ်းဥပဒေထုတ်ပြန်တာကတော့ ကောင်းပါတယ် ခင်ဗျ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ လူငယ်တိုင်း စည်းကမ်းတကျနဲ့ နေထိုင်နိုင်မယ်။ နောက်ပြီးတော့ စနစ်တကျနဲ့ နေထိုင်နိုင်မယ်။ တပ်အပေါ်မှာ တချို့တွေဆိုရင် အမြင်မတူတာတွေရှိတယ်။ တပ်ဆိုတာက သူများတွေအပြင်မှာ ပြောသလောက် မဆိုးပါဘူး။ အထဲမှာ အလွန်ကောင်းပါတယ်။ စည်းကမ်းတကျနေထိုင်နိုင်အောင်လည်း ပြုပြင်ပေးနိုင်တဲ့ နေရာတစ်ခုပါလို့ ပြောချင်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကိုလည်း လာပါ။ တက်ကြပါလို့။ ဘာပဲပြောပြောနိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ ကူညီပြီးတော့ တာဝန် ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။

၃။ နိုင်ငံသားတစ်ယောက်ရယ်လို့ ဖြစ်လာရင် နိုင်ငံကပေးတဲ့ တာဝန်ကို ကျွန်တော်တို့ ကျေပွန်အောင် ထမ်းဆောင်မှာ ဒါနိုင်ငံသားတိုင်းရဲ့ တာဝန်တစ်ခုပါ။ အဲဒီအတွက် ကျွန်တော့်ကိုယ် ကျွန်တော် ဒီအမှတ်စဉ်(၄)မှာ လာရောက်ပြီးတော့ သင်တန်းသားအဖြစ် ခံယူထားရတဲ့အတွက် အလွန်ကို ပီတိဖြစ်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ ဒီသင်တန်း ဆင်းပြီးသွားလို့ ကျရာနေရာမှာ ကြိုက်တဲ့တာဝန်ကိုပေးပါ။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ကျွန်တော်တို့မှာရှိတဲ့ ခွန်အားတွေနဲ့ နိုင်ငံ့အတွက် သယ်ပိုးဆောင်ရွက် သွားပါမယ်။ ကျွန်တော်တို့ တပ်မတော်ဆိုတာ မရှိလို့လည်းမဖြစ်ဘူး။ ရှိရမယ်။ ကိုယ့်နိုင်ငံအတွက် တပ်မှမရှိရင်လည်း ဘယ်သူမှ ကာကွယ်မှာ မဟုတ်ဘူး။ တပ်ကပဲ ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ နောက်ဝင်မယ့် အငယ်တွေလည်း ဘာမှ မကြောက်ပါနဲ့ အကုန်လုံး ကျွန်တော်တို့လိုပဲ ညီအစ်ကိုတွေ သိုက်သိုက်ဝန်းဝန်းနဲ့ လာရောက်ပြီးတော့ ဒီနိုင်ငံအတွက်ကို တာဝန်တွေထမ်းဆောင်စေချင်ပါတယ်။

**သတင်းစဉ်**

❖











# ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ကရင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများပေးအပ်



နေပြည်တော် ဩဂုတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့သည် ယနေ့နံနက်ပိုင်းက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်း ဦးစီးပဓာနနာယက(ဒုတိယမြိုင်ကြီးငူ) ဆရာတော်ဘဒ္ဒန္တဉာဏိကအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဆန်၊ ဆီ အစရှိသောလှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများကို စုံနံ့သာမြိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုံချစ်မြိုင်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အားပေးစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေထိုင်စဉ်ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုကြရန်ပြောကြားကာ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စု ၁၁၇၁ စု၊ လူဦးရေ ၆၁၆၃ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၅၄၆၇၀၀၀ နှင့် နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့်ငွေကျပ် ၉၅၇၄၅၀၀၀ တန်ဖိုးရှိ Smart ကျား/မ ဝတ် ရှပ်အင်္ကျီ ၆၁၆၃ ထည်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်၍ နေရပ်စွန့်ခွာပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားများပြောကြားကြသည်။

ယင်းနောက် မြိုင်ကြီးငူ အောင်မင်္ဂလာစာသင်တိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ဆွေမြတ်မျိုးကြွယ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မအား ဖူးမြော်ကြည်ညို၍သာသနာရေးဆိုင်ရာများနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်အိမ်ထောင်စု ၉၆၅ စု၊ လူဦးရေ ၅၃၉၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၈၅၁၀၀၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဘားအံမြို့ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၅၅၂ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၉၆၈၀၀၀၊ ငါးသေတ္တာ ၅၅၂ ဘူးကိုလည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၇၉ စု၊ လူဦးရေ ၁၃၅၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၉၅၀၀၀၊ ငါးသေတ္တာ ၁၃၅၅ ဘူးကိုလည်းကောင်း၊ မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေး စခန်းရှိ အိမ်ထောင်စု ၁၅၀ ၊ လူဦးရေ ၆၈၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၁၂၉၀၀၀၊ငါးသေတ္တာ ၆၈၁ ဘူးကိုလည်းကောင်း၊ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၃၆ စု၊ လူဦးရေ ၁၁၈၁ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၆၂၉၀၀၀၊ ငါးသေတ္တာ ၁၁၈၁ ဘူးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကာ အဆိုပါကယ်ဆယ်ရေးစခန်းရှိ ကလေးငယ်များအား အာဟာရဖြည့်စွက်စားစရာမုန့်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသော ပြန်ပေါ်စိုက်ကေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးရန်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



ပုသိမ် ဩဂုတ် ၅

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်အတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသော ပြန်ပေါ်စိုက်ကေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးရန်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အင်္ဂပူမြို့နယ်အတွင်း မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်၊ ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်စိုက်ပျိုးနေမှုများကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေများပြန်လည်ကျဆင်းသည်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောလျင်စွာ လုပ်ကိုင်နိုင်ရေးအတွက် မျိုးစပါးများအဆင်သင့်စုဆောင်းထားရှိရန်၊ စက်အင်အား လူအင်အားအပြည့် ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး အင်္ဂပူမြို့နယ် တလိုင်းကွင်းကျေးရွာရှိ တောင်သူ ဦးမြတ်စိုး၏ စိုက်ကေ ငါးကေ၌ ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့ရပြီး ပြန်ပေါ်စိုက်ကေများမှ မိုးစပါး ပြန်လည် စိုက်ပျိုးရန်အတွက် လယ်ထွန်စက်များ၊ နွားများနှင့် ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်အောင်မြို့နယ် ကညင်ငူ-ကြက်သွန်ခင်း-ကည္တတ်ကုန်း အုပ်စုများသို့ ဖြတ်သန်းစီးဆင်းသွားသည့် မမြချောင်း ရေကြီး/ရေလျှံမှုကာကွယ်ရန် ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့် ဖောက်ချောင်းဘောင်သည် မိုးအဆက်မပြတ် ရွာသွန်းပြီး ချောင်းရေ စီးဆင်းမှုကြောင့် ဇူလိုင် ၃၀ ရက်တွင် ၂၅ ပေခန့် ကျိုးပေါက်မှု ဖြစ်ပေါ်ခဲ့သဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ သဲအိတ်ချခြင်းလုပ်ငန်းဆောင်ရွက်၍ ဆည်ဖို့ထားရှိမှုအပေါ် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟသ်ာတမြို့နယ် ကံလှကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသော ပြန်ပေါ်စိုက်ကေများမှ တောင်သူဦးကျော်ထွေး၏ လယ်မြေ လေးကေတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများထံသို့ မျိုးစပါးများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၉၆၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၅-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၈-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၉၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လင်းခေးခရိုင်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



လင်းခေး ဩဂုတ် ၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက လင်းခေးမြို့နယ်အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အထက(လင်းခေး)ကျောင်းသား ကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာဝေဆာစေ"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လင်းခေးခရိုင် မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများမှကျောင်းသား ကျောင်းသူများအား စာပေကိုချစ်ခင်ရင်းနှီးကျွမ်းဝင်စေရန် မြန်မာစာပေသမိုင်းကြောင်းနှင့် သုတ/ရသ စာအုပ်ပေါင်းများစွာကို စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသပေးသည့် အစီအစဉ်များဖြင့် စာအုပ်စာပေများ ချစ်ခင်မြတ်နိုးတတ်စေရန် ရည်ရွယ်ပြသထားရှိပြီး စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် အားကစားနည်းများထည့်သွင်းကျင်းပပေးရာ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဖူနန်တက်ချို တူးမြောင်းစတင်တည်ဆောက်



**ဖနောင်ပင် ဩဂုတ် ၅**

ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်း ကန်ဒယ်ပြည်နယ်အတွင်းရှိ ပရက်တာကို မြစ်လက်တက်မှ နိုင်ငံအနောက်တောင်ပိုင်း ကပ်ပြည်နယ်ရှိ ပင်လယ်သို့ ဆက်သွယ်ပေးမည့် ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ဖူနန်တက်ချို တူးမြောင်းအား ယနေ့စတင်တည်ဆောက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**ထပ်လောင်းပြောကြား**

အရှည်ကီလိုမီတာ ၁၈၀ ရှည်သည့် ၎င်းတူးမြောင်းသည် ၂၀၂၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ယင်းတူးမြောင်းစတင်အုတ်မြစ်ချ တည်ဆောက်သည့် အခမ်းအနားတွင် ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။ ဖူနန်တက်ချို တူးမြောင်းသည် မြို့တော် ဖနောင်ပင်နှင့် ပရာဆီဟန်နော ပြည်နယ်ရှိ ရေနက်ဆိပ်ကမ်းကို ဆက်သွယ်ပေးမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံအတွက် ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာလမ်းကြောင်းဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းတူးမြောင်း တည်ဆောက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်လာမည်ဖြစ်ပြီး ရေကြောင်းမှ ကုန်စည်ပို့ဆောင်ရာတွင် လွတ်လပ်စွာပို့ဆောင်မှုကို ခိုင်မာစေမည်ဟု ၎င်းကမှတ်ချက်ပြုပြောကြားသည်။ ယခုတည်ဆောက်မည့် တူးမြောင်းကြောင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် ကဏ္ဍများစွာ၌ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာမည်ဟု ၎င်းက ပြောကြားသည်။ ယခုဆောင်ရွက်မည့် တူးမြောင်းတည်ဆောက်ရေး စီမံကိန်းအရ ယင်းတူးမြောင်းအား ကမ္ဘောဒီးယားနိုင်ငံတောင်ပိုင်း ကန်ဒယ်ပြည်နယ် မဲခေါင်မြစ်အတွင်းရှိ ပရက်တာကို မြစ်လက်တက်မှ တာကိုနှင့် ကန်ပေါ့ ပြည်နယ်များကို ဖြတ်သန်း၍ ကပ်ပြည်နယ်၏ ကမ်းရိုးတန်းအထိ တည်ဆောက်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဆန်ချန်သောက ပြောကြားသည်။ အကျယ်အဝန်းအားဖြင့် မီတာ ၁၀၀ရှိပြီး ၅ ဒသမ ၄ မီတာအနက်ရှိသည့် ၎င်းတူးမြောင်းအား နှစ်လမ်းသွားရေလမ်းပုံစံဖြင့် တည်ဆောက်မည်ဖြစ်ပြီး ကုန်အလေးချိန် တန် ၃၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောများအား ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်သည်။ လေးနှစ်ကြာအချိန်ယူတည်ဆောက်မည့် ယင်းတူးမြောင်းသည် တူးမြောင်းတည်ရှိရာ ဒေသနှစ်ဖက်စလုံးရှိ ဒေသခံ ၁ ဒသမ ၆ သန်းကို အကျိုးပြုမည်ဖြစ်ပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အကျိုးကျေးဇူးအများအပြား ရရှိမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဆန်ချန်သောက ထပ်လောင်းပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံ နယ်စပ်အနီး၌ ပဲ့ထိန်းဒုံးကျည်များဖြန့်ကြက်ချထားမည်

**ပြုံယမ်း ဩဂုတ် ၅**

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံနှင့် နယ်စပ်အနီးတွင် ပဲ့ထိန်းဒုံးကျည် ၂၅၀ကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအာဏာရပါတီ သတင်းစာ ရိုဒုန်ဆန်မန်က ပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ပြုံယမ်းတွင် ကျင်းပသည့် ၎င်းဒုံးကျည်များအား တပ်မတော်တပ်ဖွဲ့များသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ ခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်ခဲ့ကြောင်း ၎င်းသတင်းစာက ထပ်လောင်းပြောကြားသည်။ တောင်ကိုရီးယားတပ်ဖွဲ့များနှင့် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များအား ပစ်မှတ်ထား၍ ၎င်းဒုံးကျည်များအား ဖြန့်ကြက်ချထားကြောင်း သိရသည်။ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံများ၏ ရန်မှ နိုင်ငံကိုကာကွယ်မည်ဟု ကင်ဂျုံအန်က ထပ်လောင်းပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံသည် ဇူလိုင်လအတွင်းက ဟွာဆောင် ၁၁ တာတိုပစ်ဒုံးကျည်ကို စမ်းသပ်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တူကီယဲနိုင်ငံက လျှပ်စစ်ကားအားသွင်းစခန်းများ တည်ဆောက်မှု တိုးမြှင့်ဆောင်ရွက်

**အစ္စတန်ဘူလ် ဩဂုတ် ၅**

တူကီယဲနိုင်ငံသည် လူနေရပ်ကွက်များ၌ လျှပ်စစ်ကားအားသွင်းစခန်းများ တည်ဆောက်ခြင်းကို မြှင့်တင်ဆောင်ရွက်ရန်အတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း သိရ သည်။

ယခုလုပ်ဆောင်မှုသည် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဆီသို့ ရောက်ရှိရေး ကတိကဝတ်များနှင့် လိုက်လျောညီထွေရှိကြောင်း တူကီယဲနိုင်ငံ ပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး မူရက်ကူရမ်က ဩဂုတ် ၅ ရက်တွင် ဆိုရှယ်မီဒီယာမှတစ်ဆင့် ကြေညာခဲ့သည်။

ထို့ပြင် တိုက်ခန်းအဆောက်အအုံများနှင့် လူနေအဆောက်အအုံများတွင် လျှပ်စစ်ကားအားသွင်းသည့် အခြေခံအဆောက်အအုံများကို တိုးချဲ့ဆောင်ရွက်ရန် မိမိအနေဖြင့် ကတိပြုပါကြောင်းလည်း ကူရမ်က ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံသည် ပြည်တွင်း လျှပ်စစ်ကားထုတ်လုပ်မှုပမာဏကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ ကားအစီးရေ အနည်းဆုံးယူနစ်တစ်သန်းအထိ ထုတ်လုပ်ရန်အတွက် နိုင်ငံတော် အဆင့်မြင့်နည်းပညာတစ်ရပ်ကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံ အစိုးရသည် ၂၀၂၄-၂၀၂၈ ကာလအတွက် လျှပ်စစ်ကားများ၊ ဘက်ထရီ ထုတ်လုပ်မှု၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရန်နိုင်ငံ၌ ပြင်းထန်သော အပူရှိန်ကြောင့် ပြည်နယ် ၁၅ ခုတွင် အလုပ်ချိန်များလျှော့ချမည်

**တီဟီရန် ဩဂုတ် ၅**

အီရန်နိုင်ငံသည် နိုင်ငံတစ်ဝန်းတွင် အပူလှိုင်းများ ကျရောက်မှုကြောင့် ပြည်နယ်အများအပြားရှိ အစိုးရပိုင်အဖွဲ့အစည်းများနှင့် ဘဏ်များ၌ အလုပ်ချိန်ကို လျှော့ချမည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ပြည်နယ်အများအပြားရှိ အစိုးရပိုင်အဖွဲ့အစည်းများနှင့် ဘဏ်များ၌ အလုပ်ချိန်ကို လျှော့ချမည့် ဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်နှင့် ဓာတ်အားပြတ်တောက်မှုမှ ကာကွယ်ရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

ယင်းသို့ အလုပ်ချိန်လျှော့ချခြင်းဆိုးဖြတ်ချက်သည် တီဟီရန်၊ အစ္စဖာဟန်နှင့် အယ်လ်ဘော့ဇ် အပါအဝင် ပြည်နယ် ၁၅ ခုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကိုမူ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ နေရာအတော်များများတွင် အပူချိန်များသည် လာမည့်ရက်များအတွင်း ၄၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သွားဖွယ်ရှိကြောင်းလည်း သိရသည်။ မြို့တော်တီဟီရန်သည် ဩဂုတ် ၅ ရက်တွင် ၃၉ ဒီဂရီစင်တီဂရိတ်သို့ရောက်ရှိခဲ့ပြီး နောက်ပိုင်းရက်များတွင် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်အထိရှိမည်ဟု ခန့်မှန်းရသည်။ အီရန်နိုင်ငံ၏ ယာဇ်ဒ်နှင့် ခူဇက်စတန်ကဲ့သို့သော ပြည်နယ်များတွင် အပူချိန် ၄၅ နှင့် ၄၉ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်ကြောင်း သိရသည်။

အီရန်နိုင်ငံအစိုးရအနေဖြင့် အပူလွန်ကဲမှုကြောင့် ဇူလိုင် ၂၈ ရက်မှစတင်ကာ နိုင်ငံပိုင်အဖွဲ့အစည်းများကို လုံးဝပိတ်ထားရန် အမိန့်ထုတ်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# လာအိုနှင့် ဗီယက်နမ်နိုင်ငံအကြား သစ်တောဆိုင်ရာစီမံခန့်ခွဲမှုမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်မည်

**ဗီယင်ကျန်း ဩဂုတ် ၅**

လာအိုနှင့် ဗီယက်နမ်နိုင်ငံအကြား နယ်စပ်ဒေသတွင် သစ်တောဆိုင်ရာစီမံခန့်ခွဲမှုမြှင့်တင်ရေး၊ သဘာဝအရင်းအမြစ်များထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုစီမံခန့်ခွဲရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

သစ်တောထွက် သယံဇာတပစ္စည်းများတရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းကိုလည်း မြှင့်တင်မည်ဟု လာအိုအမျိုးသားရေဒီယိုက ပြောကြားသည်။

နှစ်နိုင်ငံအကြား နယ်စပ်ဒေသတွင် သစ်တောပြုန်းတီးမှု ကာကွယ်ရေးကိုလည်းဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံအကြား ရှားပါးမျိုးစိတ်ဝင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။



**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် လှိုင်မြစ်လမ်းတွင် မသင်္ကာဖွယ် တွေ့ရှိသူ အောင်ကျော်ဟိန်းနှင့် မြတ်မင်းဌေး(ခ)ချက်ဖောင်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလ(၁၁) လမ်းရှိ ထွန်းလင်းအောင်(ခ) DJ JAME ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် Happy Water ၁ ဒသမ ၃၆၆ ကီလို၊ ကက်တမင်း သုညဒသမ ၆ ကီလို၊ အက်တက်စီဆေးပြား ၁၃၅ ပြားကို လည်းကောင်း၊ ထို့အတူ ညနေ ၆ နာရီတွင် ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာအုပ်စု နမ့်နော်လားဟူကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူကျရှဲအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ထွန်းလင်းအောင်(ခ) DJ JAME အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် သုည ဒသမ ၁၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၄၀၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Pan Power Solar Inverter သုံးလုံး၊ အင်တာနက်အပိုပစ္စည်း Electronic devices– Fortinet (၁၀) အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၅၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Hollow GI Pipe ၁၃၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၄၅၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၃၈၆)မိုင် စဉ့်ကိုင်မြို့နယ် ဇီးခြံကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan–D ပုလင်း ၁၅၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၇၀၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဩဂုတ် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X–Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရုတ်နိုင်ငံထွက် ပန်းသီး ၄၀၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၅၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၂၄၁၉၀၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနတွင် မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ အသက် ၃၅ နှစ်အောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာဘာသာရပ်များအားသိရှိနားလည်သဘောပေါက်စေရန်နှင့် မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်ခဲ့ပြီး သင်တန်းအား ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းထံမှ သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံ့အကျိုးအတွက်မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည်(Video Clip)
- ၀၉:၁၅ ထူးခြားစုံလင်အာရုပ်ပစိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၀ ပုံရှမ်းတို့ရဲ့မြို့တော်ကျိုင်းတုံ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၅:၂၅ Weekly MNL Review
- ၁၆:၄၅ ကမ္ဘာ့တစ်လွှား အနုပညာသတင်းများ
- ၁၇:၁၀ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာစကားဝိုင်းဆွေးနွေးပွဲ
- ၁၇:၃၅ ရေဖွေးဖွေး လေအေးအေး ချွေးသိပ်နားပါ လယ်တောမှာ
- ၁၇:၄၅ အိုလံပစ်အားကစားပြိုင်ပွဲ(Highlight)(၁၂)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ "အိုလံပစ်အားကစားပြိုင်ပွဲ အစီအစဉ်"(၁၂)
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၂၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'ဟန်ဆောင်ကမ္ဘာထဲက ငွေရှည်စိမ်မှတ်တမ်း' (အပိုင်း-၂)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၃)

### mitv

- 07:02 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:08 Xylophones' Home
- 07:31 Life of A Farmer
- 08:01 News
- 08:26 Topics Potpourri; Protecting a Marine Sanctuary of the Galapagos
- 08:33 Reconservation Thatbyinnyu Temple
- 08:50 Thin Byu Mat
- 09:01 Ramayana Classic Talk & Discussion (Episode-2)
- 09:30 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Dance & Music (Episode-2)
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)
- 10:35 Taung Byone Nat Festival (Ep-1)
- 11:01 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China

### MRTV NRC

- ဝ (၀၆:၀၀ မှ ၀၈:၀၀) တန့်ယန်းမြို့အလှ
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) ကချင်ချောင်းသာသို့အလည်တစ်ခေါက်
- ကယား (၁၀:၀၀ မှ ၁၂:၀၀) ကျန်းမာခြင်းအတွက်ကော်လာဂျင်
- စကောကရင် (၁၂:၀၀ မှ ၁၃:၀၀) ထူးဆန်းဖွယ်ရာဝေလှို့ရိုးရာ (ကရင့်ရိုးရာတူရိယာများအကြောင်း)
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) လှန်းခဲ့ပါလေဒေါင်းမြူမြေ
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) ကောင်းမှုကောင်းဖာကဖောင်း
- ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀) သင်မယ်၊ရေးမယ်တို့ချင်းစာ(အပိုင်း-၄၀)
- ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀) ရှင်သန်နေသောသဘာဝများ
- မွန် (၁၇:၀၀ မှ ၁၉:၀၀) အလှပြဝေရာမွန်မြေ (ဒေသအလှဝေလှို့ရိုးရာထုတ်ကုန်များ)
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ရခိုင်တို့၏စိတ်ကူးအိပ်မက်မှသည်လက်တွေ့ဆီသို့
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဝေလှို့ရိုးရာ (တိုင်းပူထိုင်း၊တိုင်းလိ၊တိုင်းလျှန်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊စိုက်ပျိုးရေးနှင့်မွေးမြူရေးသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား "ဂျပန်လူမျိုးတို့၏အတွေးအခေါ်နှင့် အမူအကျင့်များ" (အပိုင်း-၂)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသောတိုင်းပြည်များအကြောင်း)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ "ရှေ့သို့ချီမည်....ပန်းတိုင်ဆီ"(အပိုင်း-၄၆)
- ၁၈:၀၀ ELECTION PGM - 01

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၅ သင်္ဘောစိုက်ပျိုးနည်းနှင့်သင်္ဘောသီး ချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ငါ့ရင်ခွင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၁၉:၄၅ TIPS & TRICKS
- ၂၂:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းပို့ချနေမှုအား သွားရောက်ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းအား ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (အလုံ)ရှိ ရွှေလုံခန်းမ၌ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ဟောပြောပို့ချသွားမည့် ဥပဒေအသိပညာများအား အလေးထားလိုက်နာ မှတ်သားသွားကြရန်နှင့် မိမိတို့ကိုယ်တိုင်နားလည်သိရှိသွားသည့် ဥပဒေအသိပညာများအား မိမိပတ်ဝန်းကျင်၊ အသိမိတ်ဆွေများနှင့် မိသားစုများအား ပြန်လည်ဆွေးနွေးပြောကြားသွားကြရန် လိုအပ်ကြောင်း၊ ဟောပြောပို့ချမည့် တာဝန်ရှိသူများကလည်း သင်တန်းသား သင်တန်းသူများနားလည်မှတ်သားလွယ်ကူအောင် ဟောပြောပို့ချသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သင်တန်းအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုအား ကြည့်ရှုအားပေးခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် တရားစီရင်ရေးအကြောင်းသိကောင်းစရာ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ အကြမ်းဖတ်မှုတိုက်ဖျက်ရေး ဥပဒေနှင့် ရာဇသတ်ကြီး ၅၀၅-က၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေဘာသာရပ်များအား ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၅၀ အား ဟောပြောပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦးဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ




နေပြည်တော် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦးဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မဟုတ်မမှန် ရေးသားဖြန့်ဝေနေ**

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ လက်နက်ကြီး ကျည်များသည် ဒေသခံပြည်သူများ နေထိုင်ရာအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို အကြမ်းဖက်သမားများအား အားပေးအားမြှောက်ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများကို ဩဂုတ် ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် နှစ်ဦး အပါအဝင် ပြည်သူ ၁၃ ဦး သေဆုံးခဲ့ကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာတို့သို့ တပ်မတော်လေယာဉ် ပျံသန်းမှုလုံးဝမရှိကြောင်း၊ စဉ့်ကူးမြို့နယ်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ကြီးများ၊ Drop Bomb




များဖြင့် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေပြီး ၎င်းတို့၏ လက်နက်ကြီး ကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ၎င်းတို့၏လုပ်ရပ်အား ဖုံးကွယ်ရန်အတွက် တပ်မတော်မှ တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Zin Tun 520” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာနေ ကျော်ဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Ma Myint Zu” Facebook အကောင့်နှင့် “Myintzu Aung Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မဇ္ဈူအောင်အား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

### ■ ပါရီအိုလံပစ်မှ

ချန်ပီယံဆုဖလားတွေရယူထားနိုင်ခဲ့တဲ့အပြင် အိုလံပစ်ပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့လို့ ရာဖေးလ်နာဒယ်၊ ဆရီနာဝီလျံ၊ အန်ဒရီအဂတ်ဆီနဲ့ စတက်ဖီဂရက်ဖ်တို့နောက်ပိုင်း Golden Slam ကို ရယူနိုင်ခဲ့တဲ့ ငါးဦးမြောက်ကစားသမားဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ လက်ရှိအချိန်မှာ အိုလံပစ်ရွှေတံဆိပ်ဆုရရှိခဲ့ပြီဖြစ်လို့ အိုလံပစ်ပြိုင်ပွဲနဲ့ ကံစပ်ခဲ့ပြီလို့ ဆိုရမှာပါ။ ဂျိုကိုဗစ်ဟာ ၂၀၀၈ ပေကျင်းအိုလံပစ်မှာ ကြေးတံဆိပ်ရရှိခဲ့ပြီး ၂၀၁၂ လန်ဒန်အိုလံပစ်မှာ အဆင့်(၄)၊ ၂၀၁၆ ရီယိုအိုလံပစ်မှာ စောစီးစွာထွက်ခဲ့ရကာ ၂၀၂၀ တိုကျိုအိုလံပစ်မှာလည်း အဆင့်(၄)နေရာနဲ့ပဲ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိစပိန်တင်းနစ်ကစားသမား အယ်လ်ကာရက်ဇ်ကတော့ ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် အိုလံပစ်ပြိုင်ပွဲမှာ ငွေတံဆိပ်ဆုနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**



# တတိယအကြိမ် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း ဦးဆောင်သည့် တာဝန်ရှိသူများသည် WHO၊ UNICEF အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုအားပေးခြင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဩဂုတ် ၄ ရက်က တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာန ဗျိုင်းအင်းကျေးရွာ၊ ရွှေမြို့တိုက်နယ်ကျန်းမာရေးဌာန သပြေချောင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ကျေးလက်ကျန်းမာရေးဌာန၊ ခေတ်အေးပရဟိတနှင့် စည်ပင်သာယာကျေးလက်ကျန်းမာရေးဌာနရှိ ကာကွယ်ဆေးထိုးစုရပ်များ၌ လည်းကောင်း၊ ဩဂုတ် ၅ ရက်တွင် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၊ ငန်းစပ်ကျေးလက်ကျန်းမာရေးဌာန၊ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးလက်ကျန်းမာရေးဌာနနှင့်ပန်းခင်း(၂)ဓမ္မာရုံရှိကာကွယ်ဆေးထိုးစုရပ်၌ လည်းကောင်း အသက် တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား အမီလိုက်နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက် တစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ ဗီတာမင်အေဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေပင်လယ်**

# အင်းစိန်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အရန်မီးသတ်ဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား အခြေခံမီးငြိမ်းသတ်ရေးနည်းစနစ်များနှင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်များကို ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။



အဆိုပါအခမ်းအနားသို့ အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသုခလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန့်ဇင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးထွန်းလင်းစိုး၊ မြို့နယ်ကျန်းမာရေးမှူး၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူး၊ ဒုတိယတပ်ခွဲမှူးများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသော ပြည်သူများ"**ခေါင်းစဉ်ဖြင့် ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆေးရုံရှိဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့်ကလေးပါမကျန် ကြောက်မက်ဖွယ် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးမှုအခြေအနေနှင့် စိုးရိမ်ရေမှတ် တည်ရှိနေမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၅

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ(၆၀၀ စင်တီမီတာ)အထက်သို့ တစ်ပေခန့်(၂၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ)အထက်သို့ လေးပေကျော်ခန့်(၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ(၇၀၀ စင်တီမီတာ)အထက်သို့ လေးလက်မခန့်(၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ပဲခူးမြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ(၈၈၀ စင်တီမီတာ)အထက်သို့ တစ်ပေကျော်ခန့်(၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ(၇၅၀ စင်တီမီတာ)အထက်သို့ ငါးပေခွဲခန့်(၁၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ(၁၁၆၀ စင်တီမီတာ)အထက်သို့ သုံးလက်မခန့်(၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့်(၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၆)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် ဩဂုတ် ၅

မလေးရှားနိုင်ငံ မလက္ကာမြို့တွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် အရာထမ်းတစ်ဦး တက်ရောက်ခဲ့ကြသည်။

(၁၆)ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ခေတ္တထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ် Mr. Sitsangkhom နှင့် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစား သံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေ နိုင်ငံတို့မှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံ မြို့တော်ဝန်များဖိုရမ်နှင့် မလေးရှားနိုင်ငံရှိ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနတို့နှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းစဉ်များနှင့် အာဆီယံ အသိုက်အဝန်း အကောင်အထည်ဖော်ခြင်းတွင် ပံ့ပိုးဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဦးစားပေး လုပ်ငန်းစဉ်များနှင့် အနာဂတ် စိန်ခေါ်မှုများကို ဆွေးနွေး၍ အကြံပြုချက်များကို တင်ပြခဲ့ကြကာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက တင်ပြလာသည့် အကြံပြုချက်များနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေး ဆိုင်ရာကော်မတီ ဥက္ကဋ္ဌများ မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာ စီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာ စီမံချက်များ ရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် အာဆီယံ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ထိရောက်စွာအကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးက အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယနေ့ တက်ရောက်လာသည့် အာဆီယံ မြို့တော်ဝန်များဖိုရမ် အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးပါကြောင်း၊ အားလုံးပါဝင်သည့် အာဆီယံ အသိုက်အဝန်းကို အကောင်အထည်ဖော်ရာတွင် ဗဟိုအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုသာမက ဒေသဆိုင်ရာအစိုးရများ၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(CLMV) နိုင်ငံများ၏ စွမ်းရည်အရင်းအမြစ် တည်ဆောက်မှုကို မြှင့်တင်ရန် အကြံပြုချက်ကို အားပေးထောက်ခံပါကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူး ဦးစားပေးသင့်ကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး အာဆီယံ ပေါင်းစည်းဆက်သွယ်ရေးအပါအဝင် အာဆီယံမဏ္ဍိုင်(၂)ရပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်နေသည့် Cross-Pillar ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဏ္ဍိုင်များအကြား နီးကပ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း အလေးပေးဆွေးနွေးခဲ့ပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဏ္ဍိုင်နှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း မဏ္ဍိုင်အကြား သဘောသဘာဝ ကွဲပြားမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးမှု ပြီးစီးခဲ့ခြင်းကို အားရကျေနပ်စွာ မှတ်တမ်းတင်ခဲ့ကြပြီး အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့် ၎င်း၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲမှု၏ တိုးတက်မှုအစီရင်ခံစာမူကြမ်းကို ပြုစုတင်ပြရန် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးကို တာဝန်ပေးအပ်ခဲ့သည်။ ထို့နောက် သက်ဆိုင်ရာ မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် မျှော်မှန်းဆောင်ရွက်ကြမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (၁၅)ကြိမ်မြောက် အစည်းအဝေး၏ အစီရင်ခံစာကို အတည်ပြုခဲ့ကြသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟန်ချက်ညီကြေညာချက်နှင့် လမ်းပြမြေပုံနှင့်အညီ အာဆီယံ အသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်တို့အကြား နီးကပ်စွာညှိနှိုင်းဆွေးနွေးခြင်းဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ရေးဆွဲရန်အတွက် ၂၀၂၂ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သရက်မြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကျန်းမာရေးမေးခွန်း ၁၀၀ ဖြေဆိုခြင်း ကျင်းပ

သရက် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် (အကြို)လှုပ်ရှားမှု အစာအုပ်စု သုံးအုပ်စု မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရွှေဘုံသာ အခြေခံပညာမူလတန်းကျောင်းအပါအဝင် မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၀၇ ကျောင်း၌ ကျင်းပခဲ့သည်။

အလားတူ အခြေခံပညာအလယ်တန်းကျောင်း ၂၉ ကျောင်းနှင့် အထက်တန်းကျောင်း ၁၀ ကျောင်းတို့တွင် ကျန်းမာရေးအတွက် မေးခွန်း ၁၀၀ ဖြေဆိုခြင်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်ဆရာဝန်ကြီးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ဝါးခယ်မမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ဝါးခယ်မ ဩဂုတ် ၅

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား ပန်းခင်းအဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းအား ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင် ဦးစီးမှူးနှင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးတို့၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးရှိ ဝန်ထမ်းများမှ ရပ်ကွက်ကျေးရွာအုပ်စုနေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ပန်းခင်းအဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးသူ ၃၉၂၆ ဦး၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူပြီးသူ ၅၂၅၈၇ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ယနေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား



ပန်းခင်းအဆင့်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၅

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်



နေပြည်တော် ဩဂုတ် ၅

လယ်ယာလုပ်ငန်းခွင်မှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုးများကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်းဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန Rice Bio-Park(စပါးဇီဝဥယျာဉ်) သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကောက်ရိုးအား မီးမရှို့ဘဲ ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများဝင်ငွေရရှိနိုင်ပြီး အိမ်ထောင်စုများအတွက် စားရေရိက္ခာနှင့် အာဟာရကို အထောက်အကူပြုနိုင်သည့်အပြင် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် မြေဆွေးများကို သဘာဝမြေဩဇာအဖြစ် ဆက်လက်အသုံးပြုနိုင်ခြင်းကြောင့် ကောက်ရိုးကို အသုံးပြု၍ မှိုစိုက်ပျိုးရေးနည်းပညာကို တောင်သူများ မျှဝေပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မှိုခြံများနှင့် ကောက်ရိုး လက်တွေ့အသုံးချ သုတေသနလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးဇီဝဥယျာဉ်သုတေသနဌာနစုတို့ ပူးပေါင်းပြီး ယခုသင်တန်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ယခုသင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် ကုန်ကြမ်း၏ အရည်အသွေးကောင်းမွန်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်တွင် ပတ်ဝန်းကျင်ကို လိုအပ်သလို ပြုပြင်ထိန်းသိမ်းရခြင်း၊ အခြေခံ အဆောက်အအုံများ စီမံခြင်း၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး အပိုင်းတို့တွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးတို့ကို စာတွေ့၊ လက်တွေ့ မျှဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ရေးနှင့် တောင်သူအပိုဝင်ငွေရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်လေ့လာမည့် အဆိုပါသင်တန်းတွင် ကောက်ရိုးမှိုစိုက်ပျိုးခြင်း၊ ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ယူရီးယားဖြင့်ပြုပြင်၍ မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း၊ အာဟာရဖြည့် နွားစာထုံးပြုလုပ်ခြင်း၊ သဘာဝမြေဆွေးပြုလုပ်ခြင်း၊ ကောက်ရိုးစက္ကူပြုလုပ်ခြင်း စသည့် ဘာသာရပ်များကို ဩဂုတ် ၅ ရက်မှ ၉ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟင်္သာတမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

ဟင်္သာတ ဩဂုတ် ၅

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂) အလတ်စား စက်ပြင်အလုပ်ရုံက ကြီးမှူးဖွင့်လှစ်သော ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သင်တန်းခန်းမ၌ ကျင်းပသည်။



**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသော်ဇင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၂)အလတ်စား စက်ပြင်အလုပ်ရုံမှူး ဦးဇော်လွင်ဦးက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသားများအား သင်ရိုးမှတ်စုစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ ရက်သတ္တ လေးပတ်ကြာစာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ယာဉ်မောင်း(မွမ်းမံ)သင်တန်းဖွင့်

ထားဝယ် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကဦးစီး၍ ယာဉ်မောင်း(မွမ်းမံ)သင်တန်း(၅/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက မီးသတ်ဦးစီးဌာန၏ ခရိုင်/ မြို့နယ်အသီးသီးတွင် လက်ရှိအသုံးပြုလျက်ရှိသည့် မီးသတ်ယာဉ်အမျိုးမျိုးအတွက် ထပ်မံတာဝန်ချထားနိုင်ရန်၊ မီးသတ်ယာဉ်/စက်များ ကိုင်တွယ်မောင်းနှင်ရာ၌ ယာဉ်မောင်းသူတစ်ဦးအနေဖြင့် ရေ၏အလေးချိန်၊ ဖိအားနှင့် လှုပ်ရှားမှု သဘောတရားများကို နားလည်သိရှိပြီး ဥပဒေ၊ နည်းဥပဒေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျ မောင်းနှင်နိုင်စေရန်၊ ယာဉ်မောင်းသင်တန်းတက်ရောက်ပြီး တပ်ဖွဲ့ဝင်များအား ပိုမိုကျွမ်းကျင်မှုရှိအောင် မွမ်းမံသင်ကြားပေးရန်အတွက်ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ ထားဝယ်မြို့တွင် သင်တန်းသား၂၀၊ မြိတ်မြို့တွင် သင်တန်းသား၂၀၊ ကော့သောင်း မြို့တွင် သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၅၀ အား ဩဂုတ် ၅ ရက်မှ ၁၆ ရက် ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# အောင်လံမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

အောင်လံ ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ သကြားစက်ရုံ(ဒုရင်ဗိုလ်)တို့ ပူးပေါင်းဖွင့်လှစ်ပို့ချသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်လံမြို့ အမှတ်(၁၀) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။



အခမ်းအနားတွင် အောင်လံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က မြန်မာနိုင်ငံတွင် လယ်ယာလုပ်ငန်းကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆောင်ရွက်ကြသည့် လူအများစုသည် တောင်သူလယ်သမားများဖြစ်ပြီး လယ်ယာလုပ်ငန်းသည်လည်း နိုင်ငံတော်၏ အဓိက ထုတ်ကုန်လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း ပြောကြားပြီး အမှတ်(၁၀) စက်မှုလယ်ယာစခန်း အောင်လံမြို့ မြို့နယ်ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် သင်တန်းသားများက အမှတ်တရဓာတ်ပုံရိုက်ကြပြီး Good Brother ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တက်ရောက်လာသော သင်တန်းသားများအား လယ်ယာသုံးစက်ကိရိယာများအကြောင်း ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**



# အလုံခရိုင်၌ ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံကဗျာလွတ်အကပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံကဗျာလွတ်အကပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (စမ်းချောင်း)၌ ကျင်းပသည်။

ဦးစွာ အလုံခရိုင် လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ အလုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များက အမှတ်စဉ်အလိုက်မဲနှိုက်၍ ယှဉ်ပြိုင်ကြရာ ပထမဆုရရှိသည့် စမ်းချောင်းမြို့နယ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးကျော်သန်းဝင်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကြည့်မြင်တိုင်မြို့နယ်ကို ခရိုင်ပညာရေးမှူး(တာဝန်ခံ)ဒေါ်ခင်ချောစုလှိုင်က လည်းကောင်း၊ တတိယဆုရရှိသော အလုံမြို့နယ်ကို စမ်းချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**



# စလင်းမြို့နယ် ဒေသထွက်နှမ်းသီးနှံ ဈေးနှုန်း ဈေးကွက်

**မကွေး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီးသည် ပဲ၊ နှမ်း၊ နေကြာနှင့် ဝါ စသော ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးထွက်ရှိသော ဒေသတစ်ခုဖြစ်ပြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဆင်ဖြူကျွန်းမြို့နှင့် ရွာမတော်၊ ပေါက်ရင်းကုန်း၊ မြောင်းကောက်၊ အရှေ့ကန်ဘောင်၊ ပျိုးခင်းကုန်း စသည့်ကျေးရွာများတွင် နွေနှမ်းစိုက်ကေပေါင်း ၂၃၀၀၀ ကျော်စိုက်ပျိုး ထားရှိကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် နွေနှမ်းများကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး ဇွန်လလယ်တွင် စတင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဂျပန်နှမ်းဖြူမျိုးနှင့် နှမ်းနက်(စမုန်)မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၉၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၅ တင်းခန့်ထွက်ရှိပြီး လက်ရှိအချိန်တွင် ဂျပန်နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀–၁၄၀၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်(စမုန်)တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀–၁၅၅၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဂျပန်နှမ်းဖြူ တစ်ဧကလျှင် ငွေကျပ် ၁၁၂၅၀၀၀၊ နှမ်းနက်(စမုန်) တစ်ဧကလျှင် ငွေကျပ် ၁၃၅၀၀၀၀ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် စလင်းမြို့နယ်မှထွက်ရှိသည့် နှမ်းသီးနှံများကို စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့ရှိ ပွဲရုံများသို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ရာသီဥတုမျှတကောင်းမွန်သည့်အတွက် နှမ်းအထွက်နှုန်းများ ကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

# ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းသီးနှံဈေးနှုန်းများ ဆက်လက်ကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ မေလပထမပတ်မှစတင်၍ ဝင်ရောက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၇၀၅၀၀ ရှိပြီး ဇူလိုင်လနောက်ဆုံးပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပဲတီစိမ်းသီးနှံတင်း ၄၅၀၀၊ တန်အားဖြင့် ၁၄၇ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လတတိယပတ်နှင့် ဇူလိုင်လနောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဇူလိုင်လတတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၅၀၀ ပိုမိုရရှိပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲတီစိမ်းသီးနှံ ဈေးကောင်းဆက်လက်ရရှိလျက်ရှိပြီး အရောင်းအဝယ်များလည်း ပိုမိုကောင်းမွန်လာကြောင်း ဈေးကွက်မှ သိရသည်။



# ကျောက်ဆည်ခရိုင်၌ နှံစားပြောင်းသီးနှံစိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ရာသီအလိုက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ စီးပွားဖြစ်ဝင်ငွေတိုး၍ ကျွဲစာ၊ နွားစာများအတွက် ဖူလုံသော နှံစားပြောင်းသီးနှံ စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း နှံစားပြောင်း ၁၉၉၉ ဧက စိုက်ပျိုးထားရှိရာ ကျောက်ဆည်မြို့နယ်၌ ၁၇၁၈ ဧကနှင့် မြစ်သားမြို့နယ်၌ ၂၈၁ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**စတင်စိုက်ပျိုး**

နှံစားပြောင်းသီးနှံကို ဇူလိုင်လဒုတိယပတ်တွင် စတင်စိုက်ပျိုးပြီး လေးလအကြာ နိုဝင်ဘာလဆန်းတွင် စတင်ထွက်ရှိကြောင်း၊ ထွက်တိုးနီနှင့် ထွက်တိုးဖြူမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ် နှံစားပြောင်းများ ထွက်ပေါ်ချိန်တွင် အရည်အသွေး ကောင်းမွန်၍ ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားရှိပြီး ယခုအချိန်အထိ နှံစားပြောင်းများ ထွက်ပေါ်ခြင်းမရှိသေးကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၃၅–၄၀ တင်းခန့်ထွက်ရှိပြီး ဒေသတွင်းပွဲရုံများသို့ တင်ပို့ရောင်းချရကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်၌ ယခင်နှစ်ကထွက်ရှိခဲ့သည့် နှံစားပြောင်းများ တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



# ကန့်ဘလူခရိုင် ကွမ်းဈေးနှုန်းဈေးကွက်

**ကန့်ဘလူ ဩဂုတ် ၅**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကွမ်းများကို ယာကွက်များ၌လည်းကောင်း၊ နေအိမ်ခြံဝင်းများ၌လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဇူလိုင်လနောက်ဆုံးပတ်တွင် ကွမ်းရွက် (ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက်(ရိုးရိုး) တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကွမ်းဝင်ရောက်မှုအပေါ် မူတည်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

## ၅–၈–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၇၀၀၀ | ၁၉၀၀၀ | ၆၆၀၈ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၁၅၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၅၀၀ | ၁၄၅၀၀ | ၉၂၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၆၁၈၀ | ၉၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၃၅၀ | ၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၆၈၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၆၇၆၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၅၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၆၂၅ | ၁၁၅၀၀ | ၂၃၀၀ | ၁၃၂၀၀ | ၁၃၆၀၀ | ၇၅၀၀ | ၆၆၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၈၀၀ | ၆၆၂၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၃၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၁၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

## အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ပိတောက်ရွှေဝါရပ်ကွက်နေ၊ အထက(ခွဲ) အလက(၂)ကျောင်းမှ Grade-9 ကျောင်းသူ မခေတ်သဇင် ၏အမည်မှန်မှာ မချိုချိုလွင် ဖြစ်ပါကြောင်း။

**မချိုချိုလွင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၁၀၊ ဦးပိုင်အမှတ်(၃၆-က)၊ ၅၃(A)လမ်း၊ ၂၂x၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းဇော်(ခ) ဦးဆိုရတ်၏ (SP ရရှိသူ ဦးရဲခေါင်နေလင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၈၆၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီ[၉/မရမ(နိုင်)၀၅၅၁၉၄]က အမှုတွဲအမှတ် [၂၇၃၀/၂၀၂၄-၂၀၂၅]ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်ကျော်မျိုးထွန်း [၁၂/ဒဂတ(နိုင်)၀၃၇၈၄၂]နှင့် မလှလှမော်[၁၂/ပဇတ(နိုင်)၀၀၂၉၂၇]တို့သည် ၂၂-၄-၂၀၂၄ နေ့မှစ၍ အကြောင်းအမျိုးမျိုးကြောင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် သူမနှင့်ပတ်သက်သော ကိစ္စအဝဝနှင့် မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

**မောင်ကျော်မျိုးထွန်း**
**[၁၂/ဒဂတ(နိုင်)၀၃၇၈၄၂]**

မူးယစ်

ကိုပစ်

ပန်း

တိုင်

သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မကွေးမြို့၊ ပင်မဓာတ်အားခွဲရုံ(မကြီးကန်)မှ ဗိုလ်ချုပ်လမ်းနှင့်နတ်မောက်လမ်းဆုံအထိ (၁၁)ကေဗွီလိုင်း (၇.၁၃)မိုင် တည်ဆောက်ခြင်းနှင့် VCB Panel တပ်ဆင်တည်ဆောက်ခြင်း( Semi Turnkey)လုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချခြင်းနှင့် ပြန်လည်တင်သွင်းခြင်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်အချိန်/ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ-

| | |
|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - (၇-၈-၂၀၂၄ )ရက်၊ ( ဗုဒ္ဓဟူး )နေ့ |
| တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းမည့်ရက် | - (၂၀-၈-၂၀၂၄ )ရက်နေ့၊ (၁၂:၀၀)နာရီ |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | - (၂၀-၈-၂၀၂၄ )ရက်နေ့၊ (၁၆:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန၊ ဖုန်း- ၀၆၃ ၂၀၂၅၈၀၉ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ CITYLOFT တိုက်အမှတ် CL 1 အခန်း၊ အမှတ်(507)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အိအိခင် မှတ်ပုံတင်အမှတ်[၁၃/နဆန(နိုင်)၀၃၇၁၅၂]ထံမှ (၂၇-၇-၂၀၂၄)ရက်စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်မ ဒေါ်ငုဝါလတ် မှတ်ပုံတင်အမှတ်[၁၂/ပဘတ(နိုင်)၀၀၇၈၉၇]က ဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါကြောင်း၊ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ငုဝါလတ်**
**09-764 053043 ၊ 09-5133108**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ အမှတ်(၆၅၀) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်း တွဲ (၆)ထပ် RCတိုက် အဆောက်အအုံမှ (ဝဲဘက်)မြေရင်းခန်း၊ မြေညီထပ်(ထပ်ခိုး)၊ အကျယ်အဝန်း (၁၃ ½ × ၄၇)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မိုး(၁၂/တမန(နိုင်)၀၀၉၇၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပက်သက် ၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစကောင်းသက်ကြိုင် (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၅၈)**
**အမှတ်-၁၄၂/၁၄၄၊ ဒုတိယထပ်၊ လမ်း-၄၀(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၁၆၆၁၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၊မြေကွက်အမှတ်၉၃၅၊မြေကွက်တည်နေရာအမှတ်-၉၃၅၊(၁)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးသန်းထိုက်(MTT-၀၇၅၇၆၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ကိုယ်တိုင်မှဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားလျှောက်ထားသူမှမြေစာရင်းမှတ်ချက်ရှိဘဏ်နှင့်ဆောင်ရွက်ဆဲမှတ်ချက်နှင့်ပတ်သက်၍ဘဏ်ချေးငွေအားအပြေအကြေပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်သည်မှာမှန်ကန်ကြောင်းနှင့်ဂရန်မူရင်းမှာလည်းမိမိလက်ဝယ်တွင်သာလျှင်ရှိပါကြောင်း၊မြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်းထားခြင်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကလည်းမိမိအပေါ်တွင်သာတာဝန်ရှိပါကြောင်း၊တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းကျမ်းကျိန်လွှာဖြင့်တင်ပြထားပါသည်။သို့ဖြစ်ပါ၍ဦးသန်းထိုက်မှအရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပဥ္စတွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုန်လမ်း၊ အမှတ်- ၇၀၄/၂ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ဂျီ၊ မြေကွက်အမှတ်- ၇၀၄/၂၊ ဧရိယာ (၀.၀၈၀)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဦးအေးမောင်ဝင်းနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်၊ အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀) ရပ်ကွက်၊ ငွေသီရိ(၂)လမ်း၊ အမှတ်- ၇၃၀တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၃၀၊ မြေကွက်အမှတ်- ၇၃၀၊ ဧရိယာ (၀. ၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဒေါ်စန်းစန်းယုနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်၊ အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း - ၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိ (၂)လမ်း၊ အမှတ်- ၇၂၈ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်- ၇၂၈၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဦးလှဝေ နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်၊ အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့် အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူ(၁)လမ်း၊ တိုက်အမှတ် (၅၆)၊ အကျယ်အဝန်း (အလျား ၃၆ ပေ x အနံ ၁၈ ပေ x အမြင့်၉ ပေ) ရှိ ၃ ½ ထပ်တိုက်၏ ဒုတိယထပ်ဖြစ်သည့် အခန်းအမှတ် (၂၀၁) တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဆွေ [၈/ခမန(နိုင်)၀၀၄၆၈၂]နှင့် ဒေါ်အေးအေးမြင့် [၈/ခမန(နိုင်)၀၀၄၆၈၃]တို့ နှစ်ဦးပိုင်ဆိုင်သည့် လက်ထပ်ပွားပစ္စည်း ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းတို့အား မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြင့်ဆွေ** | **ဦးသူရလွင်** |
| **[၈/ခမန(နိုင်)၀၀၄၆၈၂]** | **အထက်တန်းရှေ့နေ(စဉ်-၃၉၀၈၇)** |

**အမှတ်(၄၃/အေ)၊ ပထမထပ်၊ ဗဟန်း(၂)လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၅၀၄၂၃၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုရပ်ကွက်၊ သပြေလမ်း လမ်းမပေါ်ရှိ အကွက်အမှတ် ၂၃၂-၂၃၃-၂၃၄-၂၃၅ တစ်ကွက်လျှင် အကျယ်အဝန်း (၆၀ ပေ x ၆၀ ပေ) မြေကွက် (၄) ကွက်တို့နှင့်ပတ်သက်၍ မြေယာရာဇဝင်ကူးယူခြင်း၊ မြေပုံလျှောက်ထားခြင်းတို့အား အဖ ဦးအေးလှိုင်၏ သားဖြစ်သူ ဦးနေနေဝင်းလှိုင်(ခ) ဦးနေဝင်းအောင် အမျိုးသားမှတ်ပုံတင်အမှတ် [၁၀/မလမ(နိုင်) ၁၃၀၇၀၂] ကိုင်ဆောင်သူမှ ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေရီမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၁၅၀)**
**လိုင်စင်ထုတ်ပေးသည့်ရက်စွဲ(၂၈-၂-၂၀၁၇)**
**အမှတ်(၃၄၆)၊ ငဝန်ကျွန်းသာ(၉)လမ်း၊ ပုသိမ်မြို့။**
**Ph : 09- 422490305**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၉)အုံးယား(၅)လမ်း၊မြေကွက်အမှတ်(၁၀၇၇/က) ဧရိယာ(၂၄'x၆၀')ရှိ၊ နှစ်(၆၀)ဂရန်ခွဲကို ဦးအေးမင်း(၉/ဝတန(နိုင်)၀၉၁၄၂၃)အမည်ပေါက်ဖြင့်လျှောက်ထား နေဆဲမြေကွက်နှင့် မြေပေါ်ရှိနေအိမ်အရောင်းအဝယ် ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါအိမ်ခြံမြေကို မူလနှစ်(၆၀)ဂရန်တွင်တရားဝင်အမည်ပေါက်သူ-ဦးအေးမင်း ကိုယ်တိုင်က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း၊ ဂရန်ခွဲထုတ်ပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုသည်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကမ်းနားလမ်းရှိ RC (၈)ထပ်တိုက်မှ တိုက်အမှတ်(၂၇၂/B)၊ပထမထပ်၊(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား၁၂ ½ ပေx အနံ ၅၀ ပေ)ရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်သင်းသင်းကြူ [၁၂/လသန(ပြု)၀၀၀၀၆၅]နှင့် ဒေါ်ဝင်းဝင်းခိုင် [၁၂/လမတ(နိုင်)၀၁၉၈၉၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်စိုး [၁၂/တမန(နိုင်)၁၁၀၇၂၉]က အပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်လှိုင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၈)**
**အမှတ်(၁၃၈)မြေညီ၊ လမ်း(၄၀)(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၃၉၀၂၃၊ ၀၉-၇၉၄၉၁၀၁၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄၄) (မြေညီ/ခြေရင်း)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေစင်အိ [၁၂/အလန(နိုင်)၀၃၇၂၅၂]မှ ဂရိတ်အောင်မြင်သူ ဆောက်လုပ်ရေး ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မေသက် [၁၀/မလမ(နိုင်)၂၃၈၆၃၃]ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ကျော်ဦး** | **ဦးလင်းဘုန်းမြတ်** |
| **(LL.B)** | **(LL.B) (D.I.P.L) (D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၇၅၄)** | **(စဉ်-၁၇၃၈၁)** |

**အမှတ် (၃၈၈/၃၉၈)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။**
**ဖုန်း-၀၉-၅၁၉၄၉၀၉**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲမင်းထိုက် [၇/ပတတ(နိုင်)၁၁၀၅၉၇] ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်သည် -

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ ဈေး(၂)ရပ်ကွက်၊ ပုတီးကုန်းလမ်း၊ ဦးပိုင်အမှတ် (၁၄/ပ)၊ အကွက်အမှတ် (၃၆) (ဈေးရပ်)ရှိ အိမ်နှင့်ခြံသည် ကျွန်ုပ်တို့၏မိတ်ဆွေဦးရဲမင်းထိုက်၏ မိခင် ဒေါ်စန်း အမည်ပေါက်သည့် ဘိုးဘွားပိုင် မြေအမျိုးအစားဖြစ်ပြီး ယခုအချိန်တွင် အမည်ပေါက်ပိုင်ဆိုင်သည့် မိခင်ဒေါ်စန်းမှာ (၂၁-၃-၂၀၂၄)နေ့တွင် ကွယ်လွန်သွားပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးလှညွှန့်မှာလည်း (၉-၇-၂၀၂၄)နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေဦးရဲမင်းထိုက်မှာ ဦးလှညွှန့်နှင့် ဒေါ်စန်းတို့မှ မွေးဖွားထားသည့် တစ်ဦးတည်းသော သားဖြစ်သောကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မိဘ၏ အမွေ ဆက်ခံပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့်အထက်ပါ အိမ်နှင့်ခြံအား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲမင်းထိုက်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ် လှူဒါန်းခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်သန္တာဆွေ (LL.M)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** | |
| **(စဉ်-၁၃၂၄၀/၁၇)** | **(စဉ်-၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ အမှတ် (၂၃၀)၊ ပထမထပ် (ဝဲ)၊ အကျယ်အဝန်း (၁၅x၅၀) ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး အစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို **ဒေါ်ကျင်ကြူး [၁၂/ပဘတ (နိုင်)၀၁၈၂၅၁]၊ ဒေါ်ကြူဆေး (ခ) မကြီး [၁၂/ပဘတ (နိုင်) ၀၁၈၂၅၆]၊ ဒေါ်ကြူးမေ (ခ) မငယ် [၁၂/ပဘတ (နိုင်) ၀၁၈၂၅၅]** တို့မှ တိုက်ခန်းအမည်ပေါက်သူ မိဘနှစ်ပါး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးညီညီဝင်း [၁၂/ကတတ(နိုင်)၀၂၈၂၈၇]** က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၅၇၆၄)**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ် (၃၀၆/ခ)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၃½)ထပ်တိုက်၏ ၄လွှာ ဒုတိယထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်(၁၂½'x ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးမင်းပိုင်ရှိန်း[၁၂/ရပသ(နိုင်)၀၆၆၉၉၃]၊ ဦးဟိန်းထက်အောင် [၁၂/ရပသ(နိုင်)၀၆၆၉၆၀]နှင့် ဒေါ်သင်းသင်းဆွေ [၁၂/လမန(နိုင်) ၁၃၇၈၄၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းအေး [၈/မကန(နိုင်)၂၀၁၀၇၉] က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဆီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၄၄၁)**
**အမှတ်–၁၈၆/၂လွှာ၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း–၀၉–၇၉၄၄၆၇၁၆၅**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် –၃၇

**ကွယ်လွန်သူဦးတင်ဝင်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

**ဒေါ်ခင်ဝိုင်း** ---------------- **လျှောက်ထားသူ**

တောင်ပို့တစ်ရာကျေးရွာ၊ သံနွေပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သော ကွယ်လွန်သူ **ဦးတင်ဝင်း**၏ အမွေထိန်းလက်မှတ်စာရရှိသူ **ဒေါ်ခင်ဝိုင်း** က ကွယ်လွန်သူ **ဦးတင်ဝင်း** အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သနွေပင်အုပ်စု၊ ကွင်းအမှတ်–(၅၁၉/ဘီ)၊ ကွင်းအမည်(တောင်ပို့တစ်ရာ)၊ ဦးပိုင်အမှတ်–၁၉/၁(က)၊ ဦးတင်ဝင်း အမည်ပေါက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)၊ လယ်မြေဧရိယာ (၁၀.၈၆) ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းနှင့် အမည် လွှဲပြောင်းခြင်းဖြင့် စီမံခန့်ခွဲနိုင်ရန် လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂) ရက် နံနက် (၁၀:၀၀)**တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ–၃၀၇ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် –၃၈

**ကွယ်လွန်သူဦးဖိုးသိန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

**ဦးပြုံးချို** ---------------- **လျှောက်ထားသူ။**

ကင်မလင်ချောင်းကျေးရွာ၊ ယင်းတိုက်ပင်အုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သော ကွယ်လွန်သူ **ဦးဖိုးသိန်း**၏ အမွေထိန်း လက်မှတ်စာရရှိသူ **ဦးပြုံးချို**က ကွယ်လွန်သူ **ဦးဖိုးသိန်း** အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၆၇B/ခ)၊ ကွင်းအမည် – ကင်ပလင်းတောင်၊ ဦးပိုင်အမှတ်–၁၃/ခ၊ ဦးဖိုးသိန်းအမည်ပေါက် လယ်ယာမြေဧရိယာ (၀.၈၄) ဧက၊ ကွင်းအမှတ် (၅၆၇B/ခ)၊ ကွင်းအမည်–ကင်ပလင်းတောင်၊ ဦးပိုင်အမှတ်–၁၅/ခ ၊ ဦးဖိုးသိန်းအမည်ပေါက် လယ်ယာမြေဧရိယာ (၁.၆၆) ဧက၊ ကွင်းအမှတ် (၅၆၇B/ခ)၊ ကွင်းအမည်–ကင်ပလင်းတောင်၊ ဦးပိုင်အမှတ်–၁၆၊ ဦးဖိုးသိန်း အမည်ပေါက် လယ်ယာမြေဧရိယာ (၁.၃၁) ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းနှင့် အမည်လွှဲပြောင်းခြင်းဖြင့် စီမံခန့်ခွဲနိုင်ရန် လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂) ရက် နံနက် (၁၀:၀၀)**တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ– ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့၌ ဤ ရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ Alloy(၁၉၆.၆၁)တန်နှင့် Cast Iron(၁,၂၄၂.၉၉)တန်တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် Lot(၂)ခုခွဲ၍ ရောင်းချမည်ဖြစ်သဖြင့် သက်ဆိုင်ရာ စက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၈–၈–၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| တင်ဒါပိတ်ရက် | – | ၂၁–၈–၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | – | စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်။ |
| ဆက်သွယ်ရမည့် ဖုန်းနံပါတ်– | | ၀၆၇–၃၄၀၅၁၆၀၊ အရည်အသွေးထိန်းသိမ်းရေးဌာန |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၁၃၅၈)၊ ဦးခင်မောင် ဂရန်အမည်ပေါက်၊ ထူပါရုံ (၁၀) လမ်းရှိ အလျား ၄၀'x အနံ ၆၀'မြေကွက်ပေါ်တွင် မြေပိုင်ရှင် ဦးခင်မောင် နှင့် ကန်ထရိုက်တာ ဦးငွေစိုး [၁၂/တမန(နိုင်)၀၅၇၇၉၇] တို့က (၂၂–၁၂–၂၀၂၂) ရက်စွဲပါ (၂) ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦသစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ အခန်းပေးအခန်းယူ ကတိပဋိညာဉ်စာချုပ်အရ ဆောက်လုပ်ပြီးစီး၍ ကန်ထရိုက်တာ ဦးငွေစိုး ရရှိသော သာကေတမြို့နယ်၊ အရှေ့ (၁) ရပ်ကွက်၊ ထူပါရုံ (၁၀) လမ်း၊ အမှတ် (၁၃၅၈)၊ (၆–လွှာ–ခြေရင်း) ပဥ္စမထပ်အခန်း အကျယ် အလျား ၁၇'x အနံ ၅၁'ရှိ အခန်းကို ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အခန်း နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်အေးရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၆၉၇၁)**
**အမှတ်–၈၃/၁၄၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ (၁၇) လမ်း၊ အမှတ် (၃၄၂/က)၊ (၅) ထပ်တိုက်အဆောက်အဦ၏ ပထမထပ် (၂–လွှာ)၊ အကျယ်အဝန်း (၂၀ ပေ x၅၄ပေ) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်ဝင်းကြည် [၁၂/ဥကတ(နိုင်)၁၁၁၀၂၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါက်တာမြမာလာအေး**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၇၃၅၂)**
**အမှတ်–၁၉၅၊ မြသီတာလမ်း၊ ၂၉–ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ရွှေဝတ်ရည်လှိုင် [၁၂/ဥကတ(နိုင်)၁၅၈၀၆၀] နှင့် သက်ဆိုင်သူများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) ရပ်ကွက်၊ မြခွာညို (ယူနီဘာဆယ်အိမ်ရာဝင်း) လမ်းသွယ်(၂)၊ အမှတ်–(၉)တွင် ဖွင့်လှစ်ထားသော Pyin Myint Yan Engineering & Construction Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ရွှေဝတ်ရည်လှိုင်နှင့် သက်ဆိုင်သူများသိစေရန် ကြော်ငြာအပ်ပါသည်။

၁။ ကျွန်ုပ်၏တို့၏ မိတ်ဆွေကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်–၁၁၉၅ မြေပေါ်တွင်ဆောက်လုပ်သော River Scape 42 Mini Condo ၏ ပထမထပ် (ဒုတိယလွှာ)ကို ဒေါ်ရွှေဝတ်ရည်လှိုင်မှ အရစ်ကျ (ကြိုပွိုင့်) စနစ်ဖြင့်ငွေပေးချေ ဝယ်ယူရန်သဘောတူညီ၍ ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီနှင့် ဒေါ်ရွှေဝတ်ရည်လှိုင်တို့သည် (၁၆–၁–၂၀၂၄) နေ့တွင် Mini – Condo တိုက်ခန်း အရောင်းအဝယ်နှစ်ဦးသဘောတူကတိစာချုပ်”ချုပ်ဆို၍ စရန်ငွေစတင်ပေးသွင်းခဲ့ပြီးနောက် တိုက်ခန်းဖိုး အရစ်ငွေများကို လစဉ်ပေးသွင်းရမည်ဖြစ်သော်လည်း ပေးသွင်းရန်ပျက်ကွက်နေသည့်အတွက် ငွေများပေးသွင်းရန် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီမှ ဒေါ်ရွှေဝတ်ရည်လှိုင်ထံ (၂) ကြိမ်တိုင် အသိပေး အကြောင်းကြားစာပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် ဒေါ်ရွှေဝတ်ရည်လှိုင်သည် ကုမ္ပဏီသို့ ဆက်သွယ်ခြင်း၊ ငွေများဆက်လက်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေ၍ (၁၆–၁–၂၀၂၄) နေ့တွင် ချုပ်ဆိုခဲ့သော စာချုပ်အပိုဒ်(၄)တွင်ပါဝင်သည့် စည်းကမ်းချက်များကို ဒေါ်ရွှေဝတ်ရည်လှိုင်ဘက်မှ ဖောက်ဖျက်နေ၍ အရစ်ကျဝယ်ယူခဲ့သည့် အထက်ဖော်ပြပါအခန်းကို စာချုပ်ပါ စည်းကမ်းချက်များအရ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ ပြန်လည်ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ရှိပြီး ဒေါ်ရွှေဝတ်ရည်လှိုင်နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် (၁၆–၁–၂၀၂၄) ရက်စွဲပါ တိုက်ခန်း အရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်း ဒေါ်ရွှေဝတ်ရည်လှိုင်နှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။ **Pyin Myint Yan Engineering & Construction Co.,Ltd. ၏**

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ဝင်းဖြူ (LL.B, D.B.L)** | **ဒေါ်ခင်သူဇာငြိမ်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်– ၉၂၈၄)** | **(စဥ်–၁၂၄၀၁)** |
| **ဖုန်း–၀၉–၂၅၁၁၀၃၃၃၄** | **ဖုန်း–၀၉–၅၁၃၁၂၀၃** |

## “အများသိစေရန်ကြေညာချက်”

